# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 March 2019 ၉၆၀၃




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အောင်ဆန်းသူရိယဘွဲ့ရရှိသူများ၏ ရုပ်တုများကို လှည့်လည်ကြည့်ရှုကြစဉ်။

# သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အောင်ဆန်းသူရိယဘွဲ့ရရှိသူ ခြောက်ဦး၏ ရုပ်တုများဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၆**

သူရဲကောင်းဗိမာန်(နေပြည်တော်)၌ (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အောင်ဆန်းသူရိယဘွဲ့ရရှိသူ ခြောက်ဦး၏ ရုပ်တုများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ ဆောင်ရွက်ခဲ့သည့် စွမ်းရည်သတ္တိဆိုင်ရာအမြင့်မားဆုံး ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိခဲ့သော အောင်ဆန်းသူရိယဘွဲ့ရစစ်သည်များအတွက် အမှတ်တရအနေဖြင့် ဂုဏ်ပြုရုပ်တုတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သမိုင်းတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီး လွတ်လပ်ရေးကို ထိန်းသိမ်းသည့်ကာလများတွင် တာဝန်ထမ်းဆောင်ရင်း မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာပေးဆပ်ခဲ့ကြသည့် အောင်ဆန်းသူရိယဘွဲ့ရရှိသူ သူရဲကောင်းခြောက်ဦးရှိခဲ့ကြောင်း။

အာဇာနည်သူရဲကောင်းများကို နောင်လာနောက်သားများက အမြဲအမှတ်ရနေစေရန်၊


စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆


# တာချီလိတ်မြို့၌ လေထုအရည်အသွေး တိုင်းတာမှု ပြန်လည်စတင်

**တာချီလိတ် မတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ လေထုအတွင်း မီးခိုးမြူပါဝင်မှု ပြန်လည်များပြားလာခြင်းကြောင့် လေထုအရည်အသွေးတိုင်းတာမှုကို ယနေ့နံနက် ၁၀ နာရီက ပြန်လည်စတင်တိုင်းတာကြောင်း သိရသည်။

**သိသိသာသာ များပြားလာ**

အဆိုပါ လေထုအရည်အသွေးတိုင်းတာမှုကို ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းတာပေးခြင်းဖြစ်ပြီး လေထုအရည်အသွေးအညွှန်းကိန်း(AQI)ကို မတ် ၂၇ ရက်တွင် သိရှိရမည်ဖြစ်ကြောင်း လေထုအရည်အသွေးတိုင်းတာပေးနေသည့် တာဝန်ရှိသူတစ်ဦးက ပြောသည်။ တာချီလိတ်မြို့၌ မတ် ၁၈ ရက်မှ ၂၀ ရက်အထိ လေထုအရည်အသွေးမှာ လိမ္မော်ရောင်အဆင့် ဖြစ်သည့် ၁၃၈၊ ၁၃၉ ဝန်းကျင်၌ တည်ငြိမ်နေသည့်အတွက် လေထုအရည်အသွေးတိုင်းတာမှု ရပ်ဆိုင်းခဲ့ပြီး မတ် ၂၂ ရက်မှ ၂၄ ရက်အထိ လေထုအတွင်း မီးခိုးမြူပါဝင်မှု သိသိသာသာ များပြားလာသဖြင့် ပြန်လည်တိုင်းတာနေခြင်းဖြစ်သည်။

ယင်း လေထုအရည်အသွေး ဆိုးရွားလာမှုကြောင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နှာခေါင်းစည်းများအခမဲ့ပေးဝေခြင်းအပြင် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့တို့က မီးသတ်ယာဉ်များဖြင့် လေထုအတွင်း ရေမှုန်ရေမွှားများ တစ်နေ့လျှင် သုံးကြိမ်ပက်ဖျန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာချီလိတ်မြို့နှင့် နီးစပ်လျက်ရှိသည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့၌ ယနေ့နံနက်ပိုင်း တိုင်းတာချက်အရ လေထုအရည်အသွေးအညွှန်းကိန်းမှာ အဆင့် ၂၈၉ ရှိနေကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**





**နေရဥ္စရာမြစ်ရေ ရေဝင်နည်းမှုကြောင့် ရာဇဂြိုဟ်ဆည်တွင် ရေခန်းခြောက်မှုများဖြစ်ပေါ်**


စာမျက်နှာ » ၁၁


**Digital Art နှင့် ပတ်သက်သည့် ဖွံ့ဖြိုးမှုနည်းပညာများကို လူငယ်များ စိတ်ဝင်စားမှုများလာ**


စာမျက်နှာ » ၇


**ရောဝတီမြစ်ဝကျွန်းပေါ်အထက်ပိုင်း မြေလတ်ဒေသမှ ပြည်သူများ၏အားထားရာ တောင်နဝင်းဆည်**


စာမျက်နှာ » ၁၀


# (၇၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။




ကြေးမုံ

# ပြည်သူအတွက် ပြည်သူ့တပ်မတော်

ယနေ့သည် (၇၄)နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြု၍ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုမှအစပြုခဲ့သည့် တပ်မတော်သည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုနိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ပျောက်ကွယ်ပျက်စီးဆုံးရှုံးခြင်း မရှိစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့တို့အား တွန်းလှန်ခြင်း၊ ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးစေရေးအတွက် ပြည်တွင်း၊ ပြည်ပအန္တရာယ်များအား အသက်၊ သွေး၊ ချွေး ပေးဆပ်၍ တွန်းလှန်ကာကွယ်ပေးခဲ့ခြင်းတို့သည် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ဖွယ်ဖြစ်ပေသည်။ ဤသို့ ကမ္ပည်းထိုးမှတ်တမ်းတင်နိုင်ခဲ့ခြင်းသည် တပ်မတော်အတွက်သာမဟုတ် တိုင်းပြည်နှင့်လူမျိုးအတွက် မှတ်တမ်းတင်ထိုက်ပေသည်။ ဤသို့မှတ်တမ်းတင်နိုင်ရန်အတွက် တပ်မတော်ကြီး စတင်ဖွဲ့စည်းစဉ်ကတည်းက တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်၏ ရည်မှန်းချက်အမှန်ကို ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ပြောကြားခဲ့သည်။ "ငါတို့တပ်မတော်သည် ပြည်သူများမှဖြစ်ပေါ်လာ၍ ပြည်သူများ၏လွတ်လပ်ရေးနှင့် ပြည်သူများ၏အကျိုးကို စောင့်ရှောက်ကာကွယ်ရန်ဖြစ်သည်။ ပြည်သူများနှင့်ကွဲပြားနေ၍ ပြည်သူများ၏အကျိုးကို ရည်ရွယ်ရင်းမရှိသော တပ်မျိုးမဟုတ်၊ ပြည်သူ့တပ်မတော်သည် ပြည်သူများတွင် အခြေခံထား၍ ပြည်သူများနှင့် အဆက်အဖြတ် ကွဲပြားခြားနားခြင်းမရှိ၊ အမြဲဆက်စပ်နေ၍ ပြည်သူတို့နှင့်တစ်သားတည်းရှိသည်၊ ပြည်သူ့တပ်မတော်သည် ပြည်သူတို့၏လက်ရုံး၊ လက်သီး၊ ပြည်သူများ၏ ဓားသွားဖြစ်စေရမည်။ ထိုလက်သီး၊ လက်ရုံး၊ ဓားသွားသည် ပြည်သူများ၏ရန်သူကို တွန်းလှန်ရန်ဖြစ်သည်။ ထိုလက်သီး၊ လက်ရုံး၊ ဓားသွားသည် ပြည်သူများ၏အကျိုးကိုကာကွယ်ရန်ဖြစ်သည်" ဟူ၍ ညွှန်ကြားခဲ့သည်။

ထိုသို့ညွှန်ကြားခဲ့သည့်အတိုင်း တပ်မတော်သားများ ပြည်သူများအပေါ်ထားရှိရမည့် သဘောထားများနှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ပညတ်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်ချက်နှင့်အညီ တပ်မတော်သားများသည် ကျင့်ဝတ်စည်းကမ်းများအတိုင်း တစ်သဝေမတိမ်း လိုက်နာစောင့်ထိန်းပြီး နိုင်ငံတော်နှင့် ပြည်သူတို့ကို ယနေ့ထက်တိုင် စောင့်ရှောက်ကာကွယ်ပေးနေသည်။

မျက်မှောက်ခေတ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တပ်မတော်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ်တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်ဖြင့် ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်အောင် ဦးတည်ချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သော တပ်မတော်တည်ဆောက်ရေးဟူသည့် ဦးတည်ချက်လည်း ချမှတ်ထားသည်။

ယနေ့နိုင်ငံတော်၏ ဦးစားပေးလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင်၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် တပ်မတော်သည် အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွက် အရေးကြီးသည့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းရေးတွင် တပ်မတော်သည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်သည်နှင့်အညီ မတူကွဲပြားမှုများ မည်သို့ပင်ရှိစေ ငြိမ်းချမ်းရေးကို မဖြစ်မနေ ရယူဆောင်ရွက်သွားမည်ဟု ကတိပြုထားသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်မီးများ မငြိမ်းသေးသည်မှာ နှစ်ပေါင်း ၇၀ မျှရှိပြီဖြစ်သည်။ စစ်၏အနိဋ္ဌာရုံများ၊ မငြိမ်းချမ်းမှု၏ဆိုးကျိုးများ၊ အသက်ခန္ဓာနှင့် ဘဝပေးဆပ်ရမှုများအားလုံးသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသာဖြစ်၍ စစ်ပွဲများကိုအဆုံးသတ်ရန် လိုအပ်နေသည်ကို တပ်မတော်ကလည်း အသိအမှတ်ပြုလက်ခံထားသည်။

သို့ဖြစ်ရာ တပ်မတော်သည် ပြည်သူအတွင်းမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်နှင့်အညီ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ထားသည့်အတိုင်း ပြည်သူများနှင့် တစ်သားတည်းနေထိုင်၍ ပြည်သူ့တပ်မတော်ဖြစ်အောင် ကြိုးပမ်းတည်ဆောက်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့ကို ဆက်လက်ကာကွယ် စောင့်ရှောက်ပေးသွားလိမ့်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျေးရွာပေါင်း ၁၆၃၀ အတွက် ဓာတ်အားလိုင်း၊ ထရန်စဖော်မာတည်ဆောက်ရေးလုပ်ငန်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီခုနစ်ခုတို့အကြား လုပ်ငန်းအပ်နှံသည့်စာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ပဲခူးတိုင်းဒေသကြီး (အရှေ့၊ အနောက်)၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာစုစုပေါင်း ၁၆၃၀ အတွက် ဓာတ်အားလိုင်း၊ ထရန်စဖော်မာတည်ဆောက်ရေးလုပ်ငန်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြစ်သော Zeya & Associates Co.,Ltd၊ Now Engineering Co.,Ltd၊ Hitachi Soe Electric & Machinery Co.,Ltd၊ Soe Moe Than Co.,Ltd၊ JV of CNOOD Asia Limited & Danayazar Construction Co.,Ltd၊ HT-LT Co.,Ltdနှင့် AungThaung Co.,Ltd စသည့် ကုမ္ပဏီခုနစ်ခုတို့အကြား လုပ်ငန်းအပ်နှံသည့် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**အလေးထားဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းသည် ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကို ဖော်ဆောင်ပေးမည့် စီမံကိန်းကြီးတစ်ခုဖြစ်ပြီး ကနဦးအနေဖြင့် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ကိုရယူကာ NEP ပထမအဆင့်ကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်းရှိ ကျေးရွာ ၅၀၈၀ ကို ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့် စီမံကိန်းပြီးစီးပါက ကျေးရွာပေါင်း ၅၀၈၀ ရှိ အိမ်ထောင်စုပေါင်း ၆၂၆၅၇ စုခန့် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ပြီး Electrification Rate ၅ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပထမအဆင့်ပါ ကျေးရွာများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တည်ဆောက်ရေးတင်ဒါ ၁၂ ခုကို ခေါ်ယူခဲ့ကာ ယခုစာချုပ် ချုပ်ဆိုခြင်းသည် ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမနှင့် နဝမမြောက် စာချုပ်များအား တစ်ပြိုင်တည်း ချုပ်ဆိုခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးတွင် ၈၀၁ ရွာ၊ ကရင်ပြည်နယ်တွင် ၁၉ ရွာ၊ မွန်ပြည်နယ်တွင် ရွာ ၅၀၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆၁၂ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၄၈ ရွာ စုစုပေါင်း ကျေးရွာ ၁၆၃၀ အတွက် မီးလင်းနိုင်မည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ ၁၈၃၄၂၈ စုဖြစ်ကြောင်း၊ အဆိုပါချေးငွေဖြင့် ဒုတိယအဆင့် မဟာဓာတ်အားလိုင်းမှ ငါးမိုင်အတွင်း ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်ပါ စီမံကိန်းများအား ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ယင်းချေးငွေဖြင့် ပထမအဆင့် နှစ်မိုင်အတွင်း ကျေးရွာ ၅၀၈၀ နှင့် ဒုတိယအဆင့် ငါးမိုင်အတွင်း ကျေးရွာ ၄၀၀၀ ဆောင်ရွက်ပြီးစီးပါက စုစုပေါင်း ၉၀၈၀ ရှိ အိမ်ထောင်စုပေါင်း ၁၀၃၂၄၁၁ စုခန့် လျှပ်စစ်ဓာတ်အားရရှိလာမည်ဖြစ်သည်။ ယခုတင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာမှုများ အသေးစိတ်ဆောင်ရွက်ပြီး လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ချိန်အတိုင်း ပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးနှင့် အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အပြန်အလှန်လဲလှယ်ခဲ့**

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ တည်ဆောက်ရေးတင်ဒါ ခြောက်ခုအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်နှင့် ကုမ္ပဏီခြောက်ခု၏တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏တည်ဆောက်ရေးတင်ဒါတစ်ခုအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တအမှုဆောင်အရာရှိချုပ် ဦးစိုးမင်းထွန်းနှင့် ကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူကလည်းကောင်း လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများအတွက် အီလက်ထရွန်နစ် တစ်နှစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၃ ရက်မှ စတင်သင်ကြားပေးမည်ဖြစ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

တက်ရောက်လိုသူများအနေဖြင့် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ဖုန်း-၀၁- ၉၆၆၁၇၁၂၊ ၀၉-၂၅၀၁၃၀၃၄၂ နှင့် ၀၉-၄၂၀၀၃၅၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်စရိတ်၊ လစဉ်သင်ထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ကြေးငွေ၊ အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ ကြေညာထားသည်။

**သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၆**

ရန်ကုန်(ရွှေဈေး) ၁၀၆၂၀၀၀ - ၁၀၆၂၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၂၀၀၀ - ၁၀၆၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၈၂၅ ကျပ် | ၈၅၅/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၇/၈၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၀.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၉.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၄၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၀၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃.၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၀.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၀၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၃.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၅.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် ၁၈ ၁၃ ဝ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၅



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Hiroyuki Tsuji နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ပညာရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံအနေဖြင့် အစဉ်တစိုက် အားပေးကူညီဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ နှစ်နိုင်ငံ လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)
**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ရီရီချို | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးလှထွေး | သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (၃) | ဦးအောင်သူရ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့(ပထမနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၂၀၃၃၃ ပါး အနက် ၁၆၇၉၀ ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၄၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၄၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဇနီးဒေါ်ခင်ဌေးတို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး၊ သံတမန်များအဖွဲ့နာယက မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Pehin Orang Kaya Seri Pahlawan Colonel(R) Dato Paduka Haji Abdu'r Rahmani bin Dato Paduka Haji Basir၊မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury နှင့်ဇနီးတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး**(ယာပုံ)** တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# (၉)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ အရင်းအနှီးဈေးကွက်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် **"(၉)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ အရင်းအနှီးဈေးကွက်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (9th MCMC) အစည်းအဝေး"** ကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

**အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ**

အစည်းအဝေးတွင် သဘာပတိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက မဲခေါင်ဒေသအတွင်း အရင်းအနှီးဈေးကွက်များ၏ အတွေ့အကြုံများနှင့် ဗဟုသုတများ မျှဝေဖလှယ်ရန်နှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ မဲခေါင်ဒေသဆိုင်ရာ အရင်းအနှီးဈေးကွက်ကြီးကြပ်သူများနှင့် မူဝါဒရေးရာ ချမှတ်သူများ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မဲခေါင်ဒေသဆိုင်ရာ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုစာချွန်လွှာကို ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တည်ထောင်ပြီးသည့် ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစ၍ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည့် MCMC အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် MCMC အစည်းအဝေး၌ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က MCMC အဖွဲ့ဝင်နိုင်ငံအဖြစ် အဖွဲ့ဝင်နိုင်ငံစုံပါဝင်သော နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ် ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခု (၉)ကြိမ်မြောက် MCMC အစည်းအဝေးအား မြန်မာနိုင်ငံက ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ဆက်လက်၍ **"အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး လတ်တလောပြဋ္ဌာန်းခဲ့သည့် စည်းမျဉ်း စည်းကမ်းများနှင့် စိန်ခေါ်မှုများ"** ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံများမှ တင်ပြဆွေးနွေးခြင်း၊ ထိုင်းနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံအား မျှဝေခြင်းနှင့် ၂၀၁၉ ခုနှစ်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အား ဆွေးနွေးခြင်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တို့မှ အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ယခုကျင်းပသည့် (၉)ကြိမ်မြောက် MCMC အစည်းအဝေးကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုဖြင့် မဲခေါင်ဒေသဆိုင်ရာ အရင်းအနှီးဈေးကွက်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် **"We help! We share! We benefit together!"** ဟူသော ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းနိုင်ငံများအချင်းချင်း အတွေ့အကြုံများ မျှဝေခြင်းဖြင့် အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွေ့ကျကျ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း စစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ


**နေပြည်တော် မတ် ၂၆**

အာရှဖောင်ဒေးရှင်းက မြန်မာနိုင်ငံတွင် မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း (Myanmar Business Environment Index - MBEI) စစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**ပိုမိုနားလည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ့စီးပွားရေးညွှန်းကိန်းများမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသန္တရအုပ်ချုပ်ရေးကျင့်သုံးမှုကို စနစ်တကျ နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်ပြီး အစိုးရလုပ်ငန်းများ ရင်းနှီးမြှုပ်နှံသူများက ဒေသန္တရစီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုနားလည်သဘောပေါက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသန္တရအဆင့်တွင် မြန်မာ့စီးပွားရေးဝန်းကျင်အပေါ် သက်ရောက်မှုရှိနေသည့် အတားအဆီးအခက်အခဲများကို သိရှိပြုပြင်ပြောင်းလဲနိုင်မည့် အခွင့်အရေးများဖော်ထုတ်နိုင်ရန်အတွက် ဤစာတမ်းမှ တွေ့ရှိချက်များသည် မြန်မာနိုင်ငံအတွက် အသုံးဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် UK Department for International Development (DFID Myanmar) မှ Inclusive Growth Team ၏ အဖွဲ့ခေါင်းဆောင် Mr. Tom Cowarol က အဖွင့်အမှာစကား ပြောကြားပြီး အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Mathew Arnold နှင့် အာရှဖောင်ဒေးရှင်းမှ အကြီးတန်း



စီးပွားရေးပညာရှင် ဦးကျော်သူတို့က မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်ညွှန်းကိန်း စစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၃)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ (၃)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် ခါတ်ပုံနှင့် ပန်းချီပြပွဲကို မတ် ၂၆ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ သံရုံးများမှ သံအမတ်ကြီး၊ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံမှ သံအမတ်ကြီး၊ သံရုံးအကြီးအကဲများက ခါတ်ပုံနှင့် ပန်းချီပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပန်းချီနှင့်




ခါတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၃) နှစ်ပြည့်အထိမ်းအမှတ် ဧည့်ခံပွဲကို ဆက်လက်ကျင်းပသည်။

ဧည့်ခံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ရပ် ထူထောင်ရေးကိစ္စကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပသည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် စတင်အဆိုပြုခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမှ တရားဝင် စတင်တည်ထောင်ခဲ့ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်သူတို့အကြား အသိပညာပြန့်ပွားစေရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ (၃)နှစ်ပြည့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မဏ္ဍိုင်သုံးခုဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်တို့အောက်တွင် ပူးပေါင်းဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အထူးရန်ပုံငွေများ ထူထောင်ပေးထားပြီး ဦးစားပေးနယ်ပယ်ငါးခုဖြစ်သည့် ပေါင်းစည်းဆက်နွယ်မှု၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအောက်မှ စီမံကိန်းများအတွက် ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအား အထောက်အကူပြုစေလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ယင်းအစီအစဉ်အောက်မှ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆိုပြုချက်များ တင်သွင်းနိုင်ကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ပတ်လည်အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ပြသပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ညောင်တုန်း၌ စပါးခွံလောင်စာတောင့်စက်ရုံဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ညောင်တုန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် Amazing Advanced Transforming & Manufacturing ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော စပါးခွံလောင်စာတောင့် စက်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာရှိ အဆိုပါလောင်စာတောင့်စက်ရုံဝင်းရှေ့၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က မိမိတို့ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ စပါးခွံသည် တိုင်းဒေသကြီးအတွင်း နေရာအနှံ့တွင် စွန့်ပစ်ပစ္စည်းအဖြစ်ရှိနေရာ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ပြီး အခြားမြို့များတွင် ပြဿနာဖြစ်နေကြောင်း၊ ယခုကဲ့သို့ စပါးခွံမှ လောင်စာတောင့်ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ပြည်သူနှင့် လုပ်ငန်းရှင်များ ဖြစ်ပေါ်နေသည့် ပြဿနာများလည်း လျော့နည်းလာမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးပြီး အပင်များကို ထင်းအဖြစ်ခုတ်ကာ အသုံးပြုခြင်းကို ကာကွယ်ပေးရာရောက်မည်ဖြစ်ကြောင်း၊ ရောင်းချသည့်ဈေးနှုန်း မမြင့်ခြင်းကြောင့် ပြည်သူများ ထင်းအစားထိုးအသုံးပြုလာနိုင်မည်ဖြစ်၍ သစ်တောပြုန်းတီးမှုကို ကာကွယ်ရာလည်းရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Amazing Advanced Transforming & Manufacturing ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးကိုက စက်ရုံမှ ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

မိမိတို့ စပါးခွံလောင်စာတောင့်စက်ရုံမှ တစ်နာရီလျှင် လောင်စာတောင့်ထုတ်လုပ်နိုင်မှုမှာ ၁ ဒသမ ၅ တန်နှင့် ၂ တန်ကြား ထုတ်လုပ်နိုင်ကြောင်း၊ ထွက်ရှိသည့် လောင်စာတောင့်များကိုလည်း လှိုင်သာယာ၊ ရွှေပြည်သာ



နှင့် မြောင်းတကာ စက်မှုဇုန်တို့ကို တင်ပို့ကြောင်း၊ ဈေးနှုန်းမှာလည်း စက်ရုံဈေးအတိုင်းမှာ စပါးခွံလောင်စာတောင့်တစ်တန်ကို ကျပ် ၇၅၀၀၀ နှင့် ရောင်းချပေးလျက်ရှိကြောင်းနှင့် ယင်းလောင်စာတောင့်များကို သယ်ယူရာတွင်လည်း လွယ်ကူကြောင်း၊ ထိန်းသိမ်းရာတွင်လည်း လွယ်ကူကြောင်းနှင့် လွယ်လွယ်ကူကူ ထင်းအစားထိုး၊ ကျောက်မီးသွေးအစားထိုး မီးဖိုများတွင်လည်း သုံးနိုင်ပါကြောင်း Amazing Advanced Transforming & Manufacturing ကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရေးမန်နေဂျာ ဦးကျော်စိုးက ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း စပါးခွံလောင်စာတောင့် ထုတ်လုပ်မှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝဋ္ဌာနိုင်(ညောင်တုန်း)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်မှ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း AA အဖွဲ့က နယ်ခြားစောင့်ရဲကင်းစခန်းများအား တိုက်ခိုက်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုအခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုနှင့် နိုင်ငံတကာမှ အခြေအနေမှန်များအားသိရှိအောင်ဆောင်ရွက်ရန်လိုအပ်မှု၊ ကချင်ပြည်နယ်အတွင်း IDP Camp များရှိ စစ်ဘေးရှောင်ပြည်သူများအား အကူအညီပေးရေး၊ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် နိုင်ငံတကာ၏ ဝေဖန်စွပ်စွဲချက်များအပေါ် စစ်ဘက်ဥပဒေနည်းလမ်းအတိုင်း တပ်မတော်မှ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး သက်သေအထောက်အထား ခိုင်မာမှန်ကန်စွာဖြင့် ဖြစ်စဉ်အမှန်အတိုင်း ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တပ်မတော်မှ ဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့်အခြေအနေများအား ပြည်သူများသိရှိစေရန်အတွက် တပ်မတော်သတင်းစာရှင်းလင်းပွဲများ လစဉ်ပြုလုပ်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



☆ **ရှေ့ဖုံးမှ**

မျိုးဆက်သစ်လူငယ်များ၏ စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် သူရဲကောင်းဗိမာန်နှင့် ယခုကဲ့သို့ အမြင့်မားဆုံးစွမ်းရည်သတ္တိဘွဲ့၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ ရုပ်တုများကို ဂုဏ်ပြုထုလုပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်များအနေဖြင့် အောင်ဆန်းသူရိယဘွဲ့ရရှိသူများကဲ့သို့ မျိုးချစ်အာဇာနည်စိတ်ဓာတ်၊ တပ်မတော်သားများ၏သစ္စာအဓိဋ္ဌာန် (၄)ချက်နှင့်အညီ အမြင့်မြတ်ဆုံးသော စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ရှင်သန်လာစေရန်အတွက် ဆန္ဒပြုလိုက်ပါကြောင်း ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် အငြိမ်းစားတပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက အောင်ဆန်းသူရိယဘွဲ့ရရှိသူ ခြောက်ဦး၏ ရုပ်တုများအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အောင်ဆန်းသူရိယဘွဲ့ရရှိသူများ၏ ရုပ်တုများအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အငြိမ်းစားတပ်မတော် အရာရှိကြီးများက သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများချ၍ နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်စွန့်လွှတ်ခဲ့သူများအား အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အောင်ဆန်းသူရိယဘွဲ့ရရှိသူများ၏ ရုပ်တုများအား စကျင်ကျောက်များဖြင့် ထုဆစ်ထားပြီး အောက်ခံခုံ အမြင့် ၄ ပေ၊ ရုပ်တုအမြင့် ၂ ပေရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ဝေလည်းမွှေး ကြွေလည်းမွှေး

☆ **ပင်ယံလန်းဝေ ပန်းခရေတို့<br>ဝေ၍နေစဉ် သင်းပျံ့လွင် . . .။**

☆ **ထိုခရေလျှင် မြေပြင်ခြေလှမ်း<br>ကြွေနွမ်းနေလည်း . . . မွှေးပျံ့ဆဲ။**

☆ **စစ်သည်တို့လျှင် ခရေသွင်တည့်<br>သက်ရှင်နေစဉ် မကြွေခင်ဝယ်<br>ခင်တွယ်ပြည်သူ ချစ်ကြည်ဖြူ၍<br>စွန့်လှူသက်ပေး မြေ၌ဆွေးလည်း<br>ပျံ့မွှေးသင်းထုံ . . . စစ်သည်ဂုဏ်**

☆ **စစ်သည်ဂုဏ်ရည် မွှေးထုံကြည် . . . သို့<br>တိုင်းပြည်အတွက် ခေတ်အဆက်ဆက်<br>သက်စွန့်ကြိုးပမ်း တာဝန်ထမ်းခဲ့<br>ရဟန်းရှင်လူ ပြည်သူများ . . . လည်း<br>အလားတူပင် ခရေသွင်-တည့်<br>ဝေစဉ်လည်းမွှေး ကြွေလည်းမွှေး. . .။ ။**

**အေးမျိုးကြည်**

# နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် မတ် ၂၆**

နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Dag-Inge Ulstein နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း Sule Square တာဝါရှိ တယ်လီနောမြန်မာရုံးသို့ ရောက်ရှိလေ့လာပြီး တယ်လီနောမြန်မာရုံးမှ တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**

## စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပ

**မင်းလှ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွှေဝါမြိုင်အုပ်စု ရွှေဝါမြိုင် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ မတ် ၂၃ ရက်က စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် စိုက်ကွင်းများ ဆောင်ရွက်မည့် တောင်သူများ တွေ့ဆုံပွဲကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်သူများစုပေါင်း၍ အကျိုးအမြတ်ရှိသောလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်နိုင်ပြီး စိုက်ပျိုးစီးပွားတိုးတက်လာစေရန် တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ တောင်သူများပေါင်းစည်းလျက် စပါးနှင့်ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စိုက်ပျိုးရေး၊ စံပြသမဝါယမအသင်းများ မြို့နယ်အတွင်းပေါ်ထွက်လာစေရန်ရည်ရွယ်၍ တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး လယ်ယာကဏ္ဍစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

တွေ့ဆုံပွဲတွင် မင်းလှ၊ အုတ်ဖို၊ နတ်တလင်း၊ ရွှေတောင်၊ သဲကုန်း၊ ပြည်မြို့နယ်များမှ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစိုက်ကွင်းဆောင်ရွက်မည့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

# ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် မတ် ၂၆**

ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tomas Kryl (Economic and Operational Section)နှင့် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ပြည်သူကြားမှမွေးဖွား၊ ညီနောင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းဖြစ်တည်

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံသည် ခိုင်မာသောသမိုင်းကြောင်းများရှိခဲ့သည်ကို လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြလျက်ရှိသည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခမ်းနားထည်ဝါစွာ နေနိုင်ခဲ့သည်ကိုလည်း ဘုရင့်နောင်၊ အနော်ရထာနှင့် အလောင်းမင်းတရားကြီးတို့ ခေတ်ကာလတွင် မော်ကွန်းတင်ခဲ့သော ခိုင်မာသည့်သမိုင်းအထောက်အထားများ ရှိနေပေသည်။ ထိုခေတ်များက မြန်မာဆိုလျှင် ဒေသတွင်းအပြင် ကမ္ဘာ့နိုင်ငံများကပါ အထင်ကြီးလေးစားတန်ဖိုးထားခဲ့ရသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်း နန်းတွင်းအရှုပ်တော်ပုံများကြောင့် ၁၈၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်ဒေသနှင့် တနင်္သာရီဒေသတို့သည် သူ့ကျွန်ဘဝစတင်ကျရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေး ပြန်လည်ရရှိသည့်အချိန်အထိ သူ့ကျွန်ဘဝအောက်တွင် နှစ်ပေါင်း ၁၂၄ နှစ်ခန့် နေခဲ့ရသည်။ ထိုကာလများသည် ပြည်သူများအတွက် ခါးသီးသောနေ့ရက်များပင် ဖြစ်သည်။

### လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ

ဆုံးရှုံးသွားသော လွတ်လပ်ရေးကို အသက်သွေးချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ပြီးမှသာ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ်ရှိသော တပ်မတော်သားများ၏ အသက်ပေါင်းများစွာကို စတေးခဲ့ရသည်။ အမှန်စင်စစ်မှာမူ မျက်မှောက်ခေတ် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနှင့်အတူ ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုသို့ဖွဲ့စည်းနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဆင်းရဲပင်ပန်းမှုဒဏ်ကို များစွာခံစားခဲ့ကြရသည်။

ထိုစဉ်က တပ်မတော်၏ဖခင်ဖြစ်သည့်အပြင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာလည်းဖြစ်သော အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။ ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။

### တပ်မတော်စတင်ဖွဲ့စည်း

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA)တွင် ပါဝင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်များသည် တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်နှင့်ခန္ဓာကို အပ်နှင်းသွားမည်ဆိုသော သစ္စာအဓိဋ္ဌာန်ဖြင့် လက်မောင်းသွေးဖောက်သောက်ခဲ့ကြသည်။ တပ်မတော်သားများသည် ထိုစဉ်ကတည်းကပင် စွန့်လွှတ်အနစ်နာခံမည့် စေတနာသက်သက်ဖြင့်သာ ရပ်တည်ခဲ့သည်ကို သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိပေသည်။ ထိုတပ်မတော်သည် လက်ရှိပြည်ထောင်စုတပ်မတော်၏ မူလသန္ဓေပင်ဖြစ်သည်။ ထိုအချိန်က ဘီအိုင်အေ အင်အားသည် ၂၀၀ ကျော်ခန့်သာရှိသော်လည်း မြန်မာနိုင်ငံအတွင်း ချီတက်ရာလမ်းကြောင်းတစ်လျှောက် နေ့ချင်း၊ ညချင်း တစ်ဟုန်ထိုးအင်အားကြီးထွားလာခဲ့သည်။

ဘီအိုင်အေသည် နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်စဉ် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ်များသည် လစာ၊ စရိတ်၊ အဆောင်အယောင်၊ ရိက္ခာ မည်သည့်အခွင့်အရေးမျှ ရစရာ၊ မျှော်လင့်စရာ မရှိမှန်းသိလျက်နှင့် နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် ဘီအိုင်အေထဲသို့ တဖွဲဖွဲ ဝင်ရောက်ခဲ့ကြပေသည်။ ဘီအိုင်အေသည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ အထိ တိုးတက်လာခဲ့သည်။ ထိုသို့အင်အားကြီးထွားလာမှုကြောင့် ဖက်ဆစ်တို့သည် ၎င်းတို့ကို ပြန်လည်တော်လှန်တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည့်အတွက် ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်(Burma Defence Army-BDA)အဖြစ် အင်အား ၃၀၀၀ လောက်ဖြင့်သာ ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ ထိုကဲ့သို့ပြင်ဆင်ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးလိုသည့် ဖက်ဆစ်များ၏ ပရိယာယ်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအပေါ် ခြယ်လှယ်ချင်သူမှန်သမျှသည် တပ်မတော်အင်အား တောင့်တင်းသည်ကို လက်ခံနိုင်ခြင်းမရှိ ဆိုသည့်အချက်ကို သမိုင်းက သက်သေပြလျက်ရှိပါသည်။

ဖက်ဆစ်ဂျပန်တို့သည် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့သော်လည်း မြန်မာနိုင်ငံ၏သဘာဝသယံဇာတများကို မတရားထုတ်ယူခဲ့သည့်အပြင် မြန်မာတိုင်းရင်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ တပ်မတော်သည် ဖက်ဆစ်လက်အောက်၌ ညှဉ်းပန်းနှိပ်စက်ခံနေရသော ပြည်သူလူထုကို ကယ်တင်ရန်အတွက် ၁၉၄၃ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရန် ကြိုးစားခဲ့ပေသည်။ မြန်မာ့နိုင်ငံရေးအင်အားစုများကို ပူးပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးတွင်ပါဝင်ရန် စွမ်းစွမ်းတမံ စည်းရုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်များသည် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့သည်။

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ **“မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ”**ဟု အလေးအနက်ထား ပြောကြားခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ဆင်နွှဲခဲ့သည်။ ထိုဖက်ဆစ်တော်လှန်ရေးကာလအတွင်း မျိုးချစ်တပ်မတော်ကြီး၏ ချေမှုန်းတိုက်ခိုက်မှုကြောင့် ဖက်ဆစ်ဂျပန်များ သေဆုံး၊ ဒဏ်ရာရရှိမှုများပြားခဲ့သည်။ ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖက်ဆစ်တို့ထံမှ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

**နိုင်ငံတစ်နိုင်ငံဖြစ်တည်ရန်သည် တိကျစွာပိုင်းခြားသတ်မှတ်ထားသော ပိုင်နက်နယ်မြေ၊ မှီတင်းနေထိုင်သော ပြည်သူလူထု၊ အုပ်ချုပ်သော အစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာ အသိအမှတ်ပြုမှုဆိုသော ဂုဏ်အင်္ဂါငါးရပ်ဖြင့် ပြည့်စုံနေရမည်ဖြစ်**

မဟာမိတ်တပ်များသည် တပ်မတော်ကို အသိအမှတ်ပြုလက်ခံပြီးနောက် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော်(Patriotic Burmese Forces-PBF)ဟု တရားဝင်ပြောင်းလဲခေါ်ဆိုခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့ အမျိုးသားတပ်မတော်(Burma National Army-BNA)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ရသည်။ ဘီအိုင်အေ၊ ဘီဒီအေက စတင်သန္ဓေတည်ခဲ့သည့် တပ်မတော်ကြီးသည် စနစ်တကျဖွဲ့စည်းမှု၊ လေ့ကျင့်မှုများဖြင့် ပြည့်ဝလာပြီး ရန်သူကို ရင်ဆိုင်တိုက်ခိုက်နိုင်သည့်အဆင့်အထိ ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ပင်ဖြစ်နေပြီဖြစ် သည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်အသွင်ကို ရောက်ရှိလာခဲ့သည်။ ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့်အတွက်လည်း ပြည်သူ့တပ်မတော်အသွင်မျိုးဖြစ်လာခဲ့သည်။

### တပ်မတော်နေ့

စင်စစ်အားဖြင့် တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင်စစ်ကြေညာပြီး ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါအပြင် တိုင်းရင်းသားပြည်သူများမှမွေးဖွားသော ညီနောင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဆိုသော ဂုဏ်အင်္ဂါရပ်များနှင့်ပါ ပြည့်စုံသည့်နေ့လည်းဖြစ်သော ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲခဲ့သော နေ့ဖြစ်သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့၊ ထိုရက်ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေတပ်ပေါင်းစုဖြင့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာကျင်းပလေ့ရှိသည်။ ထိုမွန်မြတ်သော အစဉ်အလာများနှင့်အညီ ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် (၇၄)နှစ်မြောက် တပ်မတော်နေ့ကို ၂၀၁၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဂုဏ်ယူဝင့်ကြွားခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်သည်။

### ငြိမ်းချမ်းရေးတည်ဆောက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အချက်တစ်ချက်သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု ရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ (၆)ရပ် ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် လက်ကျန်အဖွဲ့များနှင့်လည်း သဘောတူညီချက်ရရှိရေးအတွက် စိတ်ရှည်သည်းခံသဘောထားကြီးစွာဖြင့် လိုက်လျောဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

### သင်ခန်းစာယူသင့်

မျက်မှောက်ကာလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသော ကမ္ဘာ့နိုင်ငံများအနက် အောင်မြင်မှုများရှိသလို ပြည်တွင်းစစ်မီးများ တောက်လောင်နေဆဲနိုင်ငံများလည်း ရှိကြသည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အစိုးရခေါင်းဆောင်များဖြုတ်ချခံရပြီး လက်ရှိအချိန်အထိ ခိုင်မာသောအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခြင်းမရှိသေးချေ။ အထူးသဖြင့် ခိုင်မာသောတပ်မတော်တစ်ရပ်မရှိသည့်နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်စွမ်းမရှိကြချေ။ ပြည်သူများသည် ခိုကိုးရာမဲ့ ကျီးလန့်စာစားဘဝမျိုးဖြင့် နေ့စဉ်ဖြတ်သန်းနေကြရသည်။ ထိုနိုင်ငံများရှိ ကလေးသူငယ်များသည် အနာဂတ်ပျောက်ဆုံးလျက်ရှိသည်။

### ကြိုတင်ပြင်ဆင်ထားသင့်

နိုင်ငံတစ်နိုင်ငံကို ပြည်ပကျူးကျော်ခြိမ်းခြောက်မှုအန္တရာယ်မှ ကာကွယ်သွားနိုင်ရန်သည် စည်းကမ်းပြည့်ဝပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ တောင့်တင်းသည့် မျိုးချစ်တပ်မတော်တစ်ရပ်ရှိနေရန် လိုအပ်ပေသည်။ ထိုရည်မှန်းချက်နှင့်အညီ တပ်မတော်ကို Standard Army အဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားဖို့ လိုအပ်သည်။ ထိုသို့ တည်ဆောက်ရာတွင် ခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းသွားရန် လိုအပ်သည့်အပြင် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်နိုင်ရေးအတွက်လည်း ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ရေးလေ့ကျင့်ခန်းများကိုပါ အခါအားလျော်စွာပြုလုပ်သွားဖို့ လိုအပ်ပေသည်။ မျက်မှောက်ခေတ်ကာလတွင် နည်းပညာများ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ စစ်ရေးဆိုင်ရာအယူအဆသဘောတရား (Doctrine & Concept)များသည်လည်း တိုးတက်ပြောင်းလဲလာနေပြီဖြစ်သည်။ တပ်မတော်သားတိုင်းသည် စစ်မှုရေးရာသာမက နိုင်ငံတကာတွင်ဖြစ်ပေါ်လျက်ရှိသော ပြောင်းလဲတိုးတက်မှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာသုံးသပ်ကာ နိုင်ငံတော်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ တစိုက်မတ်မတ်ပြုလုပ်သွားဖို့ လိုအပ်သည်။

### လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်မြဲဖို့ဆိုလျှင်

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံဖြစ်တည်ရန်သည် တိကျစွာပိုင်းခြားသတ်မှတ်ထားသော ပိုင်နက်နယ်မြေ၊ မှီတင်းနေထိုင်သော ပြည်သူလူထု၊ အုပ်ချုပ်သော အစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုဆိုသော ဂုဏ်အင်္ဂါ ငါးရပ်ဖြင့် ပြည့်စုံနေရမည်ဖြစ်သည်။ ထိုဂုဏ်အင်္ဂါ ငါးရပ်အနက်မှ တိကျစွာပိုင်းခြားထားသော ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ်မရှိမဖြစ် ဖွဲ့စည်းထားရှိရန် လိုအပ်နေမည်ဖြစ်သည်။ ထိုလိုလားချက်များနှင့်အညီ ပြည်ထောင်စုတပ်မတော်ကြီးကိုလည်း စနစ်တကျဖွဲ့စည်းထားရှိသည်။ ထိုတပ်မတော်ကြီးသည် အလိုအလျောက်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ တိုင်းပြည်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ထွန်းလာခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲဖို့ဆိုလျှင် ကျူးကျော်လာနိုင်ခြေရှိသူများကို တိုက်ထုတ်ချေမှုန်းနိုင်စွမ်းရှိသည့် ခေတ်မီတပ်မတော်တစ်ရပ်ကို စနစ်တကျဖွဲ့စည်းထားရှိဖို့လိုအပ်သည် ဆိုသောအချက်ကို မည်သူမျှငြင်းဆို၍ရနိုင်မည်မဟုတ်ချေ။ ။

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၂၆**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက "အောင်ဆန်း" အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းသည် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖြတ်သန်းခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှုဘဝခရီးကဲ့သို့ ထပ်တူစွာ အချိုးအကွေ့ပေါင်းများစွာကို ကြုံဆုံခဲ့ကြရပြီး ကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းပြီး အခက်အခဲများကို အတူတကွ ဖြတ်သန်းနိုင်ခဲ့ကြသည့်အတွက် ယနေ့အခြေအနေကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၏ ပံ့ပိုးမှုများ၊ သမ္မာရင့်ဝါရင့် အနုပညာရှင်အသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ အတိုင်းအတာတစ်ခုအထိ သက်ဝင်လှုပ်ရှားပုံပေါ်လာခဲ့ပြီ ဖြစ်ကြောင်း။

**ပထမခြေလှမ်း**

ရည်မှန်းချက်ပန်းတိုင်ကို ရှေးရှုသည့်ခရီးတစ်ခု၏ နိဒါန်းသည် ပထမခြေလှမ်းကို လှမ်းနိုင်ရန်ပင်ဖြစ်ကြောင်း၊ မိမိတို့နှင့်အတူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိရုပ်ရှင်ကို ရည်ရွယ်ချက် ကြီးကြီးမားမားဖြင့် စိတ်နှစ်ဆောင်ရွက်ခဲ့ကြသည့် ကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ပံ့ပိုးကူညီကြသူများ အားလုံးသည် ယခုဆိုလျှင် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်အတွက် ပထမထက်မကသည့် ခြေလှမ်းများကို အတိုင်းအတာတစ်ခုအထိ အရှိန်မြှင့်လျှောက်လှမ်းနိုင်ခဲ့ကြပြီဟု ခံယူမိပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအုံက ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြပြီး ဆပ်ကော်မတီအသီးသီးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ရင်တွင်းစကားသံများ

**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပခဲ့ရာ "အောင်ဆန်း" ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးအတွက် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ဦးလူမင်း (ဒါရိုက်တာ)**
**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)**

လက်ရှိအခြေအနေကတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်အတွက် မိတ်ကပ်ပိုင်းဆိုင်ရာကို စိတ်တိုင်းကျ ဆောင်ရွက်ပြီးပြီ။ ဝတ်စုံတွေလည်း ချုပ်ပြီးပြီ။ အဆင်သင့်ဖြစ်ပြီ။ လိုအပ်တဲ့ဇာတ်ပို့ ဇာတ်ရံတွေကိုခေါ်ထားပြီ။ အဲဒီသရုပ်ဆောင်တွေကို စိစစ်ရွေးချယ်သွားဖို့ရှိတယ်။ ဇာတ်ညွှန်းနောက်ဆုံးပိုင်းကို ရေးနေပြီ။ ရှေ့လကုန်ဆိုရင် အပြီးဖြစ်လောက်ပြီ။ ဧပြီလကုန်ဆိုရင် ရိုက်မယ့်နေ့ကို အကြမ်းဖျင်းပြောလို့ရပြီ။ ဗိုလ်ချုပ်ဝတ်ခဲ့တဲ့ ဝတ်စုံတွေဆိုရင် ရည်ညွှန်းတဲ့ အတိအကျအတိုင်း ချုပ်ရိုးချုပ်သားကအစ တပ်မတော်မော်ကွန်းတိုက်မှာ အစစ်ဆေးခံပြီး အတိအကျ လုပ်ထားတယ်။ မြင်းစီးတဲ့ဖိနပ်ဆိုရင် အင်္ဂလန်ကို မှာထားတယ်။ ဗိုလ်ချုပ်ဝတ်ခဲ့တဲ့ အဝတ်အစား၊ စီးခဲ့တဲ့ကား၊ မီးရထားစက်ခေါင်းစတဲ့ သုံးခဲ့တဲ့ အသုံးအဆောင်အားလုံးကို အသေးစိတ်ကအစ ပြင်ဆင်နေတယ်။ ဝန်ကြီးဌာနအသီးသီးကလည်း ဝိုင်းဝန်းပံ့ပိုးပေးတယ်။ ဒီဇိုင်နာပိုင်းမှာလည်း ဒီဇိုင်နာအတတ်ပညာရှင်တွေအဖွဲ့က ဝိုင်းဝန်းကူညီပေးကြတယ်။ ပြင်ဆင်မှုရာခိုင်နှုန်းက သုံးပုံတစ်ပုံပြီးပါပြီ။ အဓိက က ဇာတ်ပို့ ဇာတ်ရံ ဇာတ်ကောင်တွေက သမိုင်းမှာ တကယ်ရှိခဲ့တဲ့သူတွေဆိုရင် အတတ်နိုင်ဆုံး အနီးစပ်ဆုံး သရုပ်ဆောင်နိုင်မယ့်သူ အရုပ်အမောင်းက အစ တူတဲ့သူကို ရွေးချယ်ချင်တာဖြစ်တဲ့အတွက် လျှောက်လွှာ လျှောက်တဲ့သူတွေရော၊ သရုပ်ဆောင်တွေထဲကရော အားလုံးကို ထည့်သွင်းစဉ်းစားသွားမှာပါ။ သမိုင်းထဲက ဇာတ်ဝင်ခန်းနေရာတွေကို မရောက်ရောက်အောင်သွားပြီး ကြည့်မယ်။ ဇာတ်ညွှန်းပိုင်းကတော့ သမိုင်းဆိုင်ရာအချက်အလက်မှားယွင်းမှုမရှိစေရေး စိစစ်တဲ့အဆင့် လုံးဝပြီးသွားပါပြီ။ ရုပ်ရှင်ပိုင်းဆိုင်ရာဇာတ်ညွှန်းဖွဲ့နွဲ့မှုအပိုင်းကို ရေးသားနေပြီဖြစ်ပါတယ်။



လူမင်း
(ဒါရိုက်တာ)



ယုံယုံ
(ဒီဇိုင်နာ)



ကိုအောင်ကျော်ထွန်း (မိတ်ကပ်
အထူးပြုလုပ်ချက် ပညာရှင်)

**ယုံယုံ (ဒီဇိုင်နာ)**

BIA/ BDA ဝတ်စုံရယ်၊ ဗိုလ်ချုပ်မင်္ဂလာဆောင်တုန်းက ဝတ်စုံရယ်၊ ဂျပန်စစ်ဗိုလ်ဝတ်စုံရယ် ချုပ်ခဲ့ပါတယ်။ ပထမဆုံး နေပြည်တော်က စစ်သမိုင်းပြတိုက်ကို သွားတယ်၊ တာဝန်ရှိသူတွေက အင်္ကျီတွေအကုန်လုံး ထုတ်ပေးပြီး အတွင်းအပြင် ချုပ်ရိုးချုပ်သားတွေကို ပေးကြည့်ပါတယ်။ ပြီးတော့မှ ကျော်ကျော်မျိုးရဲ့ကိုယ်တိုင်းနဲ့ ပြန်ချုပ်ပါတယ်။ ရိုက်လာတဲ့ဓာတ်ပုံတွေနဲ့ ချုပ်ထားတဲ့ အင်္ကျီတွေကို အတိအကျ အပြန်အလှန်စစ်ဆေးရပါတယ်။ တံဆိပ်တွေ၊ ကော်လံ၊ ကြယ်သီးတွေကအစ ချုပ်ပြီးတော့ စစ်သမိုင်းပြတိုက်ကို ပြန်ပြီးအတည်ပြုရပါတယ်။ ဒီဇာတ်ကားအတွက် ချုပ်ပေးရတဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။

**ကိုအောင်ကျော်ထွန်း**
**မိတ်ကပ်အထူးပြုလုပ်ချက် ပညာရှင်**

ဗိုလ်ချုပ်အဖြစ် သရုပ်ဆောင်မယ့် ကျော်ကျော်မျိုးရဲ့ မျက်နှာပြင်အနေအထားနဲ့ ဗိုလ်ချုပ်ရဲ့မျက်နှာပြင်အနေအထားနဲ့တူအောင် ပြုပြင်ရတာရှိတယ်။ ဆီလီကွန်နဲ့ ပိုးနေရတဲ့ အပိုင်းလည်းရှိတယ်။ ကျော်ကျော်မျိုးရဲ့နားရွက်က နည်းနည်းကပ်ပြီး သေးတယ်၊ ဗိုလ်ချုပ်နားရွက်က ကြီးလည်းကြီးတယ်။ ချွန်လည်းချွန်တယ်။ ကွဲလွဲမှုနည်းနည်းရှိတဲ့အတွက် ကျော်ကျော်မျိုးရဲ့နားရွက်ကို ဆီလီကွန်နဲ့ဆက်ပေးရတယ်။ နောက်ထပ် ဇာတ်ကောင်တွေ ရွေးနေတယ်၊ ရသမျှ ဇာတ်ကောင်တွေရဲ့ ဆံပင်၊ မျက်ခုံးကအစ အနီးစပ်ဆုံး ဓာတ်ပုံထဲကအတိုင်း ဆီလီကွန်ဘယ်လောက်ပိုးဖို့ လိုရင် ဖန်တီးပေးနေရမှာပါ။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**



# Digital Art နှင့် ပတ်သက်သည့် ဖွံ့ဖြိုးမှုနည်းပညာများကို လူငယ်များ စိတ်ဝင်စားမှုများလာ

**နေပြည်တော် မတ် ၂၆**

မြန်မာနိုင်ငံတွင် အွန်လိုင်းအသုံးပြုမှု များပြားလာသည်နှင့်အမျှ Digital Art နှင့် ပတ်သက်သည့် ဖွံ့ဖြိုးမှုနည်းပညာများကိုလည်း လူငယ်များစိတ်ဝင်စားမှု များပြားလာကြောင်း သိရသည်။

Digital Art နှင့်ပတ်သက်၍ Animation နှင့် Manga drawing လုပ်ကိုင်ဆောင်ရွက်နေသည့် မသိမ့်သိမ့်ထွန်းက "နည်းပညာတွေက ထွန်းကားလာတယ်။ လူငယ်တစ်ယောက်အနေနဲ့ ဒီလိုနည်းပညာနဲ့ ကိုယ့်စိတ်တိုင်းကျ ဖန်တီးမှုတွေ လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်လို့ ပိုပြီးစိတ်ဝင်စားတာဖြစ်ပါတယ်။ ကိုယ်ဖန်တီးထားတဲ့ Animation လေးကို တခြားသူတွေ သဘောကျတာမြင်ရင် ဝမ်းသာပီတိဖြစ်မိတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ပြတဲ့ အရာတွေကိုလည်း ဆောင်ရွက်သွားချင်တယ်။ သင်တန်းတွေလည်း လိုက်တက်ပြီးတော့ ထပ်ပြီးလေ့လာသင်ယူနေပါတယ်"ဟု ပြောသည်။

Digital Art နှင့်ပတ်သက်သည့် Game & Animation Industry နှင့် စီးပွားရေး ကြော်ငြာလုပ်ငန်းများတွင် လူငယ်များသည် Game Character Artist, Concept Artist, Story board Artist, 2D & 3D Animator ပညာရှင်များအဖြစ် လုပ်ကိုင်ဆောင်ရွက်လာကြကြောင်း သိရသည်။

Digital Art နှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်နေသည့် Huion Myanmar မှ ဒေါ်မေလင်းက "အခုအခါမှာ နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ Digital Art နဲ့ ပတ်သက်တဲ့ Industry တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ များပြားလာသလို Digital Art ကို စိတ်ဝင်စားတဲ့ လူငယ်တွေလည်း ပိုပြီးများပြားလာပါတယ်။

"လူငယ်တွေအတွက် Digital Art နဲ့ ပတ်သက်တဲ့ သင်တန်းတွေကိုလည်း ကူညီပေးသွားမှာဖြစ်ပါတယ်။ ဒီလိုကူညီပေးတဲ့နေရာမှာ Digital Art ကို စတင်လေ့လာလိုတဲ့ လူငယ်ဝါသနာရှင်တွေကို ပိုမိုထိရောက်စွာ ဝေမျှနိုင်ဖို့အတွက် ကျွန်မတို့ရဲ့ Huion SEA နဲ့ Hexagon Institute of Art & Design တို့ရဲ့သဘောတူစာချုပ်ရေးထိုးပွဲကို မတ် ၂၇ ရက်မှာ ရန်ကုန်က Summit Park View ဟိုတယ်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲလေးကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို Digital Art အသွင်နဲ့ ဆန်းသစ်ဖန်တီးပေးနိုင်မယ့် Professional Myanmar Digital Artists တွေ ပေါ်ထွန်းနိုင်စေဖို့ ဖြစ်ပါတယ်။ ဒါကြောင့် Digital Art ကို စိတ်ပါဝင်စားတဲ့ နယ်ပယ်အသီးသီးမှ လူငယ်တွေကို လာရောက်လေ့လာနိုင်ဖို့ ဖိတ်ခေါ်ထားပါတယ်" ဟု ပြောသည်။

**အောင်မင်းဟန်**

# နေပြည်တော်တွင် လူမှုဖူလုံရေး-မေမေအထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် မတ် ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မေမေဆေးရုံနှင့်ပူးပေါင်း၍ လူမှုဖူလုံရေး-မေမေအထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးကို အားဖြည့်ဆောင်ရွက်ခြင်းဖြင့် သာတူညီမျှမှုနှင့် သဟဇာတဖြစ်မှုများထွန်းကားသော မြန်မာ့လူ့ဘောင်တစ်ရပ် တည်ဆောက်ရန် မျှော်မှန်းပြီး နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ကို ရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်သမား၊ အလုပ်ရှင်တို့၏ ထည့်ဝင်ကြေးငွေတို့ဖြင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေရန် လုပ်ငန်းစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်၌ တာဝန်ထမ်းဆောင်နေသည့် အာမခံအလုပ်သမားများ အဆင်ပြေစွာ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်စေရန် လူမှုဖူလုံရေး-မေမေအထွေထွေရောဂါကုဆေးခန်းကို စမ်းသပ်စီမံကိန်း (Pilot Project) အနေဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်များ ပေးအပ်**

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်ကောင်စီအတွင်း လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင်အာမခံထားသည့် အလုပ်ဌာန ၈၂၄ ဌာနနှင့် အလုပ်သမား ၂၈၀၅၀ တို့သည် လူမှုဖူလုံရေးဆေးခန်း သုံးခန်းတွင် ဆေးကုသလျက်ရှိပါကြောင်း၊ ယခုဆိုလျှင် လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများကို ဆေးကုသရာတွင် ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြင်ပလူနာဝန်ဆောင်မှုကို မေမေဆေးရုံနှင့် စာချုပ်ချုပ်ဆိုခြင်းဖြစ်သည့်အတွက် မိမိတို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်ကြသည့် အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မေမေဆေးရုံမှ ဒေါက်တာကျော်ခိုင်က ဆေးခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းထွန်းနှင့် အလုပ်သမားကိုယ်စားလှယ် ဒေါ်ဝင်းသီတာတို့က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့က ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ သပြေကုန်းရပ်ကွက်ရှိ လူမှုဖူလုံရေး-မေမေအထွေထွေရောဂါကုဆေးခန်း၏ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို မေမေဆေးရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မေမေဆေးရုံတာဝန်ခံနှင့် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**စမ်းသပ်ကျင့်သုံးဆောင်ရွက်**

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို Provider Purchaser Split စနစ်အရ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသည့် Capitation ငွေပေးချေမှုစနစ်ဖြင့် ဆေးခန်းများကို ဖွင့်လှစ်၍လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ဝန်ဆောင်မှုတစ်ကြိမ်အတွက် သတ်မှတ်ထားသည့်နှုန်းထားဖြင့် ငွေပြန်လည်ပေးချေခြင်း(Per Visit)ဖြင့်လည်းကောင်း၊ ဆေးဝါးသုံးစွဲမှုအတွက်(Fee for Service)ဖြင့်ငွေပြန်လည်ပေးချေခြင်းနည်းလမ်းများဖြင့်လည်းကောင်း စမ်းသပ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ နည်းပညာအကူအညီ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ သတ္တမအကြိမ် ညီလာခံကျင်းပ

**နေပြည်တော် မတ် ၂၆**

ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများက ပံ့ပိုးပေးလျက်ရှိသည့် နည်းပညာနှင့် သင်တန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ နည်းပညာအကူအညီ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ( Conference of the Committee for the Coordination of Financial Sector Technical Assistance to Myanmar-COFTAM) သတ္တမအကြိမ် ညီလာခံကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ညီလာခံတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ငွေကြေးနှင့် အရင်းအနှီးဈေးကွက်ဌာနမှ Division Chief Mr. Simon Gray တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အမှာစကားပြောကြားကြသည်။

အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်မည့် ငွေရေးကြေးရေးကဏ္ဍ၏ တိုးတက်မှုများ၊ လက်ရှိစိန်ခေါ်မှုများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် နည်းပညာအကူအညီပေးရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို အသေးစိတ်ဆွေးနွေးကြသည်။

**ဆွေးနွေးအတည်ပြု**

အလားတူ ယမန်နေ့က အကြိုတွေ့ဆုံညှိနှိုင်းမှုအနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့ ရှစ်ခုမှ အဖွဲ့အလိုက် သီးခြားတွေ့ဆုံ၍ နည်းပညာအကူအညီများနှင့် သင်တန်းများကို သုံးသပ်ခြင်း၊ အနာဂတ်လုပ်ငန်းများအတွက် ဦးစားပေးအစီအစဉ်များသတ်မှတ်ခြင်း၊ အခြေခံကောင်းများ ဖြည့်ဆည်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သတ်မှတ်ခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ဖြည့်ဆည်းပေးမည့် စီမံကိန်းများကို အစီအစဉ်ချမှတ်ခြင်းနှင့် စီမံကိန်းပါအကြောင်းအရာများကို ပုံမှန်သုံးသပ်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းလုပ်ငန်းကော်မတီများ၏ ဆွေးနွေးချက်များကို ယနေ့ကျင်းပသည့် ညီလာခံတွင် လုပ်ငန်းအဖွဲ့များအလိုက် တင်ပြမှုများ ပြုလုပ်ခဲ့ပြီး တက်ရောက်သူများက ဆွေးနွေးအတည်ပြုကြသည်။

**သတင်းစဉ်**

# မိတ္ထီလာတွင် မဟာသင်္ကြန်အကြိုနေ့၌ ဒုတိယအကြိမ် သနပ်ခါးလိမ်းပွဲတော် ကျင်းပမည်

**မိတ္ထီလာ မတ် ၂၆**

မိတ္ထီလာတွင် မဟာသင်္ကြန်အကြိုနေ့၌ ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့က ဦးဆောင်ကျင်းပသည့် ဒုတိယအကြိမ် သနပ်ခါးလိမ်းပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း ပရဟိတမိသားစုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းထံမှ သိရသည်။

“လာမယ့်မဟာသင်္ကြန်အကြိုနေ့မှာ ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့က ဦးဆောင်ကျင်းပတဲ့ ဒုတိယအကြိမ် သနပ်ခါးပွဲတော်ကို မနှစ်ကကျင်းပခဲ့တဲ့ ဗိုလ်ချုပ်ပန်းခြံမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ သနပ်ခါးလိမ်းပွဲတော် ကျင်းပတဲ့ အဓိကရည်ရွယ်ချက်က မိတ္ထီလာမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို စတင်တည်ဆောက်ချင်တာပါ။ အဲဒီလိုပြုလုပ်တဲ့အတွက် သင်္ကြန်အတွင်း သရုပ်ပျက်ယဉ်ကျေးမှုတွေ လျော့နည်းသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြီးတော့ မဟာသင်္ကြန်အကြိုနေ့ဆိုရင် မိတ္ထီလာမှာ မြန်မာ့ရိုးရာဝတ်စုံဝတ်ဆင်ပြီး သနပ်ခါးလိမ်းတယ်။ သပြေခက်နဲ့ ရေပက်ဆိုတဲ့ အစဉ်အလာလေး ပေါ်ထွန်းလာစေချင်လို့ ဖြစ်ပါတယ်။ အဲဒီအစဉ်အလာဖြစ်လာရင် မိတ္ထီလာသင်္ကြန်ကို လာရောက်လည်ပတ်သူတွေနဲ့ ပိုမိုစည်ကားလာပြီး မြို့လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယူဆပါတယ်။ ပြီးတော့ သနပ်ခါးလိမ်းတဲ့ ယဉ်ကျေးမှုလည်း ပိုမိုထင်ရှားလာစေလိုတဲ့အတွက်ပါ”ဟု ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းက ပြောသည်။

၂၀၁၈ ခုနှစ် မိတ္ထီလာမဟာသင်္ကြန်အကြိုနေ့က ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့ ဦးဆောင်၍ ပထမအကြိမ် သနပ်ခါးလိမ်းပွဲတော်ကို ကျင်းပခဲ့ပြီး ပွဲတော်ကျင်းပရာ ဗိုလ်ချုပ်ပန်းခြံအတွင်း၌ လာရောက်လည်ပတ်သူများအား သနပ်ခါးလိမ်းပေးခြင်း၊ သပြေခက်ဖြင့် အတာရေဖျန်းပက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ မဲဖောက်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။ ယခုနှစ်တွင် သနပ်ခါးလိမ်းပြိုင်ပွဲကျင်းပခြင်း၊ ဆံရစ်ဝိုင်းကလေးငယ်များနှင့်တွဲ၍ ဓာတ်ပုံရိုက်နိုင်ရန် နေရာစီစဉ်ပေးခြင်း၊ သပြေခက်ဖြင့် အတာရေပက်ဖျန်းခြင်း၊ သနပ်ခါးလိမ်းပေးခြင်း ၊ စတုဒိသာကျွေးမွေးခြင်း စသည့် အစီအစဉ်များဖြင့် ဒုတိယအကြိမ် သနပ်ခါးလိမ်းပွဲတော်ကို ကမ်းလက်များ ပရဟိတမိသားစုနှင့် စိတ်ပါဝင်စားသူဒေသခံများ ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဝန်ကြီးချုပ် ဦးဝင်းသိန်း ကလေးစာပေပွဲတော်(ပဲခူး) ကြိုတင်ပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ကလေးစာပေပွဲတော်စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည့် ပဲခူးတက္ကသိုလ်အတွင်းရှိ ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့ညနေ ၄ နာရီက ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဘွဲ့နှင်းသဘင်ခန်းမတွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းကျောက်စာများ၊ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ ခင်းကျင်းပြသထားမှုများ၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက္ကသိုလ်စာကြည့်တိုက်အတွင်း ခင်းကျင်းပြသရန် စီစဉ်ထားရှိမှုများနှင့် တက္ကသိုလ်ဘောလုံးကွင်းအတွင်း ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝေလျှံ**



ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ပဲခူးမြို့ )
၂၀၁၉ ခုနှစ်၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

# ကလေးစာပေပွဲတော် (ပဲခူး)တွင် ပြခန်းပေါင်း ၄၉ ခန်း ပါဝင်ပြသသွားမည်

**ပဲခူး မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်ကို ပဲခူးတက္ကသိုလ်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ပြခန်းပေါင်း ၄၉ ခန်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မီးသတ်ဦးစီးဌာနပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြခန်း၊ မူးယစ်အထူးအဖွဲ့ပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းပြခန်း၊ ပန်းချီပညာရှင်များအသင်းပြခန်း၊ မေတ္တာရိပ်ဖောင်ဒေးရှင်းပြခန်း၊ စက်မှုကြီးကြပ်ပြခန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနပြခန်း၊ သဘာဝဘေးစီမံခန့်ခွဲရေး ဦးစီးဌာနပြခန်း၊ စားသုံးသူရေးရာဦးစီးဌာနပြခန်း၊ CCTV ပြခန်း၊ လူမှုဝန်ထမ်းဦးစီးဌာနပြခန်း၊ အခြေခံဦးစီးဌာနပြခန်း၊ ပဲခူးတက္ကသိုလ်ပြခန်း၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပြခန်းများ၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းပြတိုက် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ Knowledge Zone ပြခန်း၊ သုတစုံလင်ဉာဏ်ကြီးရှင်ပြခန်းတို့ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေလျှံ**

# ကလေးစာပေပွဲတော်(ပဲခူး)တွင် အနုပညာရှင်များ ပါဝင်ဆင်နွှဲမည်

**ပဲခူး မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ပဲခူး)ကို ပဲခူးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စာပေ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ ပါဝင်ဟောပြော၊ ဆွေးနွေး၊ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုခြင်းနှင့် ပုံပြင်ပြောခြင်းများပါဝင်မည်ဖြစ်ပြီး စာအုပ်စာပေပြပွဲနှင့် စာအုပ်အရောင်းဆိုင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများမှ ပြခန်းများနှင့် နည်းပညာမိတ်ဆက်ပြခန်းများ၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ပြခန်းများ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ထို့အတူ ဘောလုံးပြိုင်ပွဲနှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ကစားရသည့် Team Building ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်များတွင် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲအနေဖြင့် မတ် ၂၈ ရက် စာပေဟောပြောပွဲကို နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဆရာမောင်ခြိမ့်နှင့် ဆရာခိုင်ချစ်အောင်(ပဲခူး)တို့ကလည်းကောင်း၊ စာပေဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ အကယ်ဒမီပိုင်ဖြိုးသု၊ ရုပ်ရှင်သရုပ်ဆောင်နေမင်း၊ နန်းခင်မွှေးနှင့် ဟံသာစိုးဝင်းတို့က လည်းကောင်း၊ မတ် ၂၉ ရက် စာပေဟောပြောပွဲကို နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဆရာမမေသကြၤန်ဟိန်(မြစ်မခ)နှင့် ဆရာမဝတ်ရည်ခင်(ပဲခူး)တို့က လည်းကောင်း၊ စာပေဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အကယ်ဒမီငြိမ်းမင်း၊ ဆရာမဝတ်ရည်ခင် (ပဲခူး)၊ ဖိုးချစ်၊ ဩရသ၊ အဆိုတော် ပြည့်ဖြိုးတို့က လည်းကောင်း၊ မတ် ၃၀ ရက် စာပေဟောပြောပွဲကို နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့် ဆရာကံမြင့်မော်တို့ကလည်းကောင်း၊ စာပေဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ဆရာမပုညခင်၊ ရုပ်ရှင်သရုပ်ဆောင် ဦးဝင်းမြိုင်၊ သရုပ်ဆောင် သူရိယနှင့် သရုပ်ဆောင် ဆုအိမ်စံတို့ကလည်းကောင်း စာပေဆိုင်ရာများကို ဆွေးနွေးသွားကြမည်ဖြစ်သည်။

တေးဂီတဖျော်ဖြေရေးအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် စိန်ဝင်းထွန်း၊ ရွှေဖြူ၊ ဂျေမောင်မောင်၊ ရှင်ဖုန်း၊ ခင်မောင်ထူး၊ ဟေမာနေဝင်း၊ မိစန္ဒီ၊ ကျော်ထွဋ်ဆွေ၊ ဂျောက်ဂျက်၊ ဖိုးပြည့်၊ ပြည့်ဖြိုး၊ မေမဒီ၊ စွမ်းပြည့်အောင်နှင့် ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရ အဆိုရှင်များက ပါဝင်ဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်(ပဲခူး)ကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် အထိမ်းအမှတ် အမျိုးသမီးစာပေနှင့် အနုပညာပွဲတော်ကျင်းပရေးကော်မတီ စတင်ဖွဲ့စည်း

**နေပြည်တော် မတ် ၂၆**

"ပျောက်သောလမ်းမှာ စမ်းတဝါး" ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်) ဆုစတင်ရရှိခဲ့သည့် စာရေးဆရာမမိုးမိုး(အင်းလျား) သည် လာမည့်အောက်တိုဘာလတွင် အသက် ၇၅ နှစ်ပြည့်မြောက်မည်ဖြစ်ပြီး မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် အထိမ်းအမှတ် အမျိုးသမီးစာပေနှင့် အနုပညာပွဲတော် ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးအတွက် ကော်မတီတစ်ရပ်ကို မတ် ၁၆ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

ဆရာမမိုးမိုး(အင်းလျား)သည် စာပေတာဝန်ကို ထမ်းရွက်ရင်း ၁၉၉၀ ပြည့်နှစ် မတ် ၁၃ ရက် အသက် ၄၆ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ သူ၏ စာပေများသည် အချစ်၊ အလွမ်းတို့ဖြင့် ထုံမွမ်းရေးဖွဲ့ထားသည့် ဘဝသရုပ်ဖော်များဖြစ်ရာ စာဖတ်သူတို့၏ရင်တွင် စွဲငြိထင်ကျန်ရစ်လျက် ယနေ့အထိ တမ်းတလွမ်းဆွတ်နေကြဆဲဖြစ်သည်။ ထို့ကြောင့် ဆရာမ၏ လက်ရာစာပေများကို ပြန်လည်တသဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပခြင်းဖြစ်သည်။

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် အထိမ်းအမှတ် အမျိုးသမီးစာပေနှင့် အနုပညာပွဲတော်တွင် စာပေဟောပြောပွဲ၊ စာပေစကားဝိုင်း၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြပွဲများနှင့်အတူ လူငယ်များ ပါဝင်နိုင်မည့် စာပေနှင့် အနုပညာဆိုင်ရာ ကဏ္ဍများလည်း ပါဝင်မည်ဖြစ်သည်။

ပွဲတော်ကျင်းပရေးကော်မတီတွင် နာယကများအဖြစ် ဒေါ်ခင်ဆွေဦး၊ ယုဝတီခင်ဦး၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ ခင်လှိုင်ကြူ၊ ကြူကြူသင်းနှင့် မစန္ဒာတို့ကို အဆိုပြုလျာထားပြီး ကော်မတီအနေဖြင့် စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်နှင့် အနုပညာနယ်ပယ်များမှ ဆရာ ဆရာမများကို ပါဝင်ကူညီအားဖြည့်ရန် မေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ကော်မတီဥက္ကဋ္ဌအဖြစ် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆရာမ မနှင်းဖွေးတို့ကို အဆိုပြုခန့်အပ်ခဲ့ပြီး အတွင်းရေးမှူး ဒေါ်သွယ်မျိုးညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် နှင်းဝေငြိမ်း၊ ယမင်းမြတ်အေးနှင့် စုသဲမွန်တို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

"ကော်မတီရဲ့လုပ်ငန်းတာဝန်က ပွဲတော်အစီအစဉ်တွေ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ရေးဖြစ်ပါတယ်။ နယ်ပယ်အသီးသီးက ဆရာမတွေကို သက်ဆိုင်ရာနယ်ပယ်အလိုက် ပါဝင်လိုတဲ့ကဏ္ဍအသီးသီးမှာ ပါဝင်ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံဖိတ်ခေါ်လိုပါတယ်" ဟု ကော်မတီ၏ ပြန်ကြားရေးအဖွဲ့က ပြောသည်။

လူငယ်များအနေဖြင့် ပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် သီးသန့်ဖိတ်ကြားဆွေးနွေးသွားမည်ဖြစ်ပြီး ဒုတိယအကြိမ် အစည်းအဝေးကို မတ် ၃၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Orchid house ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်**



ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် ခင်ဒူကောင်ကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ မြို့နယ်ဦးစီးမှူးက မတ် ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

**မြို့နယ်ကျေးလက်**

# ရေဝတီမြစ်ဝကျွန်းပေါ်အထက်ပိုင်း မြေလတ်ဒေသမှ ပြည်သူများ၏အားထားရာ တောင်နဝင်းဆည်


ဦးကျော်လင်းဦး


ဦးကျော်သူ


ဒေါ်အေးအေးလှိုင်

**ငလျင်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေ အုတ်မြစ်ကျောက်သား လှုပ်ရှားမှုဖြစ်ပြီး တမံထိပ်မျက်နှာပြင်အက်ကြောင်းများ ဖြစ်ပေါ်လာသည်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်ပြည့်စောင့်ကြည့် တိုင်းတာခြင်းနှင့် ဘူမိစူးစမ်းလေ့လာခြင်းများကို ဂျပန်နိုင်ငံသား ကျွမ်းကျင်ပညာရှင်များနှင့်အတူ ဆောင်ရွက်ခဲ့**

အက်ကြောင်းများဖြစ်ပေါ်ခဲ့သည့် တမံထိပ်ပြင် မြေသားများ ဖယ်ရှားခြင်း၊ ပြန်လည်မြေဖို့ခြင်း၊ တမံအနောက်ဘက်မှ မြေပိုး၍ ဆောင်ရွက်ခြင်းများကို မတ်လအကုန်တွင် ပြီးစီးရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးကျော်သူနှင့် တည်ဆောက်ရေးအဖွဲ့သားများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တမံထိပ်ပြင် မြေဖယ်ရှားခြင်းလုပ်ငန်းတွင် ဦးစွာအက်ကြောင်းများကို အက်ကြောင်းမြေပုံရေးဆွဲသည်။ ထို့နောက် ပထမ တစ်မီတာခန့် တူးဖော်ဖယ်ရှားပြီး ကျန်ရှိနေသည့် အက်ကြောင်းအခြေအနေများကို အက်ကြောင်းမြေပုံပြန်လည်ရေးဆွဲသည်။

**ထပ်မံမှတ်တမ်းတင်**

ယင်းနောက် ဒုတိယ တစ်မီတာမှ နောက်ဆုံးအက်ကြောင်းများ ကင်းစင်သည့်အထိ ထပ်မံတူးဖော်ဖယ်ရှား၍ အက်ကြောင်းအခြေအနေကို အက်ကြောင်းမြေပုံများ ရေးဆွဲပြီး ထပ်မံမှတ်တမ်းတင်ကြသည်။

"တစ်မီတာလောက် တူးဖော်ဖယ်ရှားလိုက်၊ အက်ကြောင်းမြေပုံ ရေးဆွဲလိုက်နဲ့ ဆောင်ရွက်ခဲ့တာ စုစုပေါင်း ခုနစ်မီတာလောက် တူးဖော်ဖယ်ရှားပြီးတဲ့အချိန်မှာ အက်ကြောင်းတွေ လုံးဝမရှိတော့တာ တွေ့ရပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်သူက ပြောသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် တောင်နဝင်းဆည် ရေလှောင်တမံအနီး၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခတ်မှု သုံးကြိမ်၊ ယခုနှစ် ဇန်နဝါရီလဆန်းတွင် တစ်ကြိမ်ဖြစ်ပွားခဲ့ရာ တမံ၏ ပေတိုင် ၅၆၅၀ နှင့် ပေတိုင် ၆၁၀၀ အကြား တမံထိပ် မျက်နှာပြင် အက်ကြောင်းဖြစ်ပေါ်မှုကို ဇန်နဝါရီလ ၈ ရက်နေ့က စတင်တွေ့ရှိခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေ အုတ်မြစ်ကျောက်သား လှုပ်ရှားမှုဖြစ်ပြီး တမံထိပ် မျက်နှာပြင်အက်ကြောင်းများ ဖြစ်ပေါ်လာသည်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်ပြည့်စောင့်ကြည့်တိုင်းတာခြင်းနှင့် ဘူမိစူးစမ်းလေ့လာခြင်းများကို ဂျပန်နိုင်ငံသား ကျွမ်းကျင်ပညာရှင်များနှင့်အတူ ဆောင်ရွက်ခဲ့သည်။

တောင်နဝင်းရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အရှေ့ဘက် နှစ်မိုင်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ရှိသည်။

**တည်ဆောက်ထား**

တမံအောက်ဘက် လေးမိုင်ခန့်အကွာ ချောင်းခွရွာအနီး တောင်နဝင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် တောင်နဝင်းရေထိန်းတမံသို့ ရေလွှတ်၍ ရေထိန်းတမံ၏ မြောင်းမကြီးမှတစ်ဆင့် ပေါက်ခေါင်း၊ ပြည်နှင့် သဲကုန်းမြို့နယ်များရှိ လယ်မြေဧက ၅၇၂၅၈ ဧကသို့ စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်သည်။

တောင်နဝင်းရေလှောင်တမံစီမံကိန်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ် အထက်ပိုင်းဒေသ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan တစ်ရပ် ရေးဆွဲရာမှ ပေါ်ထွက်လာသော စီမံကိန်းဖြစ်သည်။ Master Plan ကို အဆင့်သုံးဆင့်ရေးဆွဲထားခဲ့ပြီး ပထမအဆင့် လေ့လာမှုကို ၁၉၇၈ ခုနှစ်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် လေ့လာမှုကို ၁၉၇၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။

တောင်နဝင်းရေလှောင်တမံ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာကို ၁၉၈၀ ပြည့်နှစ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က မြန်မာနိုင်ငံအစိုးရထံသို့ တင်သွင်းခဲ့ပြီး တည်ဆောက်ခြင်းဆိုင်ရာ အပြီးသတ် ဒီဇိုင်းပုံစံရေးဆွဲခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံမှ ဆန်းယု အတိုင်ပင်ခံအဖွဲ့အားငှားရမ်း၍ ၁၉၈၄ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၈၅ - ၁၉၈၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၄ - ၁၉၉၅ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၂၅ နှစ်ခန့်ရှိပြီဖြစ်သည်။

"ဂျပန်နိုင်ငံမှာ ဆည်တမံတစ်ခုကို ရေလျှံမှုနဲ့ ငလျင်ဒဏ်ခံနိုင်မှု စတာတွေကို ခန့်မှန်းတွက်ချက်ပြီး စံချိန်၊ စံညွှန်းနဲ့ကိုက်ညီတဲ့ ဒီဇိုင်းကို ရေးဆွဲခဲ့ပါတယ်။ နောက်ပြီး အနှစ်ငါးဆယ်၊ အနှစ်တစ်ရာအတွင်းမှာ နုန်း၊ သဲတွေ တမံအတွင်း ဘယ်လောက် အနည်ပို့နိုင်မလဲ၊ ရေသိုလှောင်နိုင်မှုပမာဏအပေါ်မှာ တွက်ချက်ပြီး ဒီဇိုင်းရေးဆွဲတာ ဖြစ်ပါတယ်။ အရင်က ဖြစ်ပေါ်ခဲ့တဲ့ ငလျင်အပေါ်မူတည်ပြီး တွက်ချက်ရေးဆွဲတယ်။ အမြဲထာဝရ အသုံးပြုလို့ရအောင် တည်ဆောက်တာဖြစ်ပါတယ်။ ဘယ်အချိန်မှာ နုန်းရေဘယ်လောက်ကျမယ်၊ ဘယ်အချိန်မှာ ပြန်ပြီးပြင်ဆင်ရမယ်၊ တမံကတော့ သတ်မှတ်ထားတဲ့အချိန်မှာ စစ်ဆေးထိန်းသိမ်းရေး လုပ်ငန်းတွေ၊ စောင့်ကြည့်လေ့လာရေး လုပ်ငန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အခု တောင်နဝင်းဆည်ရေလှောင်တမံကြီးကို ဂျပန်နိုင်ငံက ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းတွက်ချက် တည်ဆောက်ခဲ့ကြတာ ဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးချိန်က အရှေ့တောင်အာရှမှာ အကြီးဆုံးရေလှောင်တမံတစ်ခုလည်း ဖြစ်ပါတယ်"ဟု ဂျပန်နိုင်ငံသား ဆည်တမံဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာမိုတိုရောရှိဟိကဆ က ပြောသည်။

တောင်နဝင်းရေလှောင်တမံမှ နှစ်စဉ် နွေစပါး ပျမ်းမျှဧက ၇၀၀၀ ခန့်နှင့် မိုးစပါးဖြည့်စွက်ရေ၊ အောက်ရေပျမ်းမျှဧက ၁၂၀၀၀ ခန့် ရေပေးဝေလျက်ရှိရာမှ ငလျင်လှုပ်ခတ်ခဲ့ပြီး တမံပေါင် မိုင်တိုင်အမှတ် ပေ ၆၁၀၀ နှင့် ၆၂၀၀ ကြားတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ကာ တစ်ပေမှ နှစ်ပေအထိ နိမ့်ကျခဲ့သည်။


တောင်နဝင်းရေလှောင်တမံ ကြံ့ခိုင်ရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။

**တမံကြံ့ခိုင်မှု**

"တောင်နဝင်းရေလှောင်တမံမှာ အက်ကြောင်းတွေဖြစ်ပေါ်ခဲ့တဲ့အတွက် စူးစမ်းလေ့လာမှုတွေ၊ တိုင်းတာမှုတွေကို အချိန်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ ရရှိလာတဲ့ အချက်အလက်တွေအပေါ်မူတည်ပြီး ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး ကျွမ်းကျင်သူတွေ၊ တာဝန်ရှိသူတွေ၊ ဂျပန်နိုင်ငံက ပညာရှင်တွေနဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ရရှိလာတဲ့ ညှိနှိုင်းဆွေးနွေးမှုအချက်အလက်တွေကို နောက်တစ်ရက်မှာ ချက်ချင်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူတွေကို ဆက်လက်တင်ပြပြီး အသေးစိတ်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ကြပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကျော်သူက ဆိုသည်။

စူးစမ်းရရှိချက်အပေါ်အခြေခံ၍ ဒေသခံများ၏ အသက်အိုးအိမ် လုံခြုံစိတ်ချရမှုရှိစေရန် တမံ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုအတွက် မိုးမကျမီဆောင်ရွက်ရမည့် အစီအစဉ်များကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ ရုံးချုပ်တွင် ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

တောင်နဝင်းရေလှောင်တမံ စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင်စတင်ခဲ့ပြီး ဘူမိရူပဗေဒ တိုင်းတာရေးနည်းစနစ်ဖြင့် ပုံရိပ်ဖမ်းပုံဖော်ခြင်းဖြင့် တမံကိုယ်ထည်နှင့် တမံအောက်ခြေ အနေအထားများကို စူးစမ်းလေ့လာခြင်း နည်းလမ်းနှင့် ဂျပန်ပညာရှင်အဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းတိုင်ပင်ပြီး လွန်တူးခြင်းလုပ်ငန်းဖြင့် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သည့် နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ခဲ့သည်။

စီမံချက်အရ တမံအောက်ခံအုတ်မြစ်အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်း၊ တမံကိုယ်ထည်၏ အောက်ဘက်မှ မြေသားပိုး၍ဖို့ခြင်းလုပ်ငန်း၊ တမံထိပ်ပြင် အက်ကြောင်းကုန်သည်အထိ တစ်မီတာစီ အလွှာလိုက်မြေသားဖယ်ခြင်းလုပ်ငန်း၊ တမံထိပ်ပြင်နှင့် မြေသားပိုးခြင်းအတွက် မြေဖို့ခြင်းလုပ်ငန်းများကို စနစ်တကျ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဖြစ်သည်။

ဆွေးနွေးဆုံးဖြတ်ချက်များအရ တည်ဆောက်ရေး(၂) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအား တောင်နဝင်းတမံ ကြံ့ခိုင်ရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များအနက် တမံထိပ်ပြင် မြေသားဖယ်ရှားခြင်းနှင့် မြေပြန်လည်ဖို့ခြင်းလုပ်ငန်း၊ တမံအနောက်ဘက်မှ မြေပိုး၍ ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးခဲ့ခြင်းလည်း ဖြစ်သည်။

သို့အတွက် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် တောင်နဝင်းတမံသို့ စက်ယန္တရားများပေးပို့စုဖွဲ့ခဲ့သည်။ Dozer, Excavator Dumper, Sheep Foot စသည်ဖြင့် စက်ယန္တရားအင်အား ၅၈ စီး၊ စက်မောင်းနှင့် လုပ်သားအင်အား ၃၀၀ ဖြင့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ နေ့စဉ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် တမံအနောက်ဘက် မြေပိုး၍ ဖို့ခြင်းလုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

"တမံထိပ်ပြင် မြေဖယ်ရှားခြင်းလုပ်ငန်းက ဆောင်ရွက်ပြီးဖြစ်ပါတယ်။ တမံထိပ်ပြင် မြေဖို့ခြင်းလုပ်ငန်းက မတ်လ ၁၇ ရက်နေ့အထိ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ
သူရဇော်

တမံထိပ်ပြင်မြေဖယ်ရှားခြင်း၊ မြေပြန်လည်ဖို့ခြင်းလုပ်ငန်းနှင့် တမံအနောက်ဘက် မြေပိုး၍ ဖို့ခြင်းလုပ်ငန်းများကို အက်ကြောင်းများဖြစ်ပေါ်ခဲ့သည့် ပေတိုင် ၅၆၀၀ မှ ၆၂၀၀ အတွင်း ဆောင်ရွက်ခြင်းဖြစ်ပြီး မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အရည်အသွေးထိန်းသိမ်းရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စံချိန်၊ စံညွှန်းများအတိုင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

လာမည့်မိုးရာသီတွင် ရေသိုလှောင်မှုကိုလည်း ဒေသခံများ၏ စိုးရိမ်ပူပန်စိတ် လျော့ကျစေရန်နှင့် လုံခြုံစိတ်ချရမှုအတွက် ၎င်းတို့၏ ဆန္ဒအရလည်းကောင်း၊ လာမည့်မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် ရေလိုအပ်ချက် ဖြည့်ဆည်းပေးရန်အတွက်လည်းကောင်း နှစ်စဉ်ဆည်ရေဝင်ရောက်မှု မှတ်တမ်းများအရ အများဆုံးဝင်ရောက်ခဲ့သည့် ၂၀၁၁ ခုနှစ် ဆည်ရေဝင်ရောက်မှုကိုအသုံးပြု၍ တမံရေသိုလှောင်နိုင်မှုပမာဏ၏ တစ်ဝက်ကိုသာ ထိန်းညှိသိုလှောင်သွားမည်ဖြစ်ပြီး ဘူမိစမ်းသပ်တွင်းများတွင် တိုင်းတာရေးကိရိယာများ တပ်ဆင်၍ တမံ၏ ကိုယ်ထည်လှုပ်ရှားမှုကို စောင့်ကြည့်တိုင်းတာမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်တွက်ချက်**

"တောင်နဝင်းတမံ ကြံ့ခိုင်ရေးအတွက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေစဉ်အတွင်းမှာ တမံအတွင်းက ရေပမာဏကို လျှော့ချပေးလျက်ရှိပါတယ်။ လက်ရှိ နေ့စဉ် ၇၅၀ ကုဗပေ/စက္ကန့် (၁၄၈၇ ဒသမ ၆ ဧကပေ /ရက်) လျှော့ချပေးထားပါတယ်။ လက်ရှိလျှော့ချပေးတဲ့နှုန်းအရ ရေလှောင်ပမာဏ ပြောင်းလဲနိုင်မှုကို ကြိုတင်တွက်ချက်ထားပါတယ်" ဟု ဇလဗေဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်လင်းဦးက ပြောသည်။

မတ်လ ၁၇ ရက်နေ့တွင် တမံအတွင်း ရေမှတ် ၈၅ ဒသမ ၃၅ မီတာ ရေလှောင်ပမာဏ ဧကပေ ၁၄၇၂၂၀ ရှိသည်။ တွက်ချက်မှုအရ ၂၀၁၉ ခုနှစ် မေလကုန်တွင် ရေလှောင်ပမာဏ ဧကပေ ၄၃၀၀၀ ခန့်အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

လာမည့်မိုးရာသီတွင် တောင်နဝင်းရေလှောင်တမံအတွင်း ရေပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ရေလှောင်တမံသက်တမ်း ၂၅ နှစ်အတွင်း ရေဝင်ရောက်မှုအများဆုံးနှစ်ဖြစ်သော ၂၀၁၁ ခုနှစ်၏ တမံအတွင်း ဝင်ရောက်ခဲ့သည့် ပမာဏကို ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အများဆုံးရောက်ရှိလာမည့် သိုလှောင်ပမာဏသည် ဧကပေ ၁၄၀၀၀၀ ခန့်သာရှိမည်ဖြစ်ရာ တမံ၏ စုစုပေါင်းရေလှောင်နိုင်သည့် ပမာဏ ဧကပေ ၂၈၇၀၀၀ ၏ တစ်ဝက်သာရှိမည်ဖြစ်သည်။



**စတင်ဆောင်ရွက်**

တောင်နဝင်းရေလှောင်တမံ ထိပ်ပြင်ရှိ အက်ကြောင်းများဖယ်ရှားပြီး ပြန်လည်မြေဖို့ခြင်းနှင့် တမံကိုယ်ထည်အနောက်ဘက်ခြမ်း မြေသားဖို့ခြင်းလုပ်ငန်းများတွင် အရည်အသွေးထိန်းသိမ်းရေးကို တာဝန်ယူဆောင်ရွက်နေရသည့် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က “မြေဖို့ခြင်းလုပ်ငန်း မဆောင်ရွက်မီ ဒီဇိုင်းနဲ့ ပုံထုတ်ဌာနခွဲက သတ်မှတ်ပေးတဲ့ မြေအမျိုးအစားနဲ့ ပမာဏကို ကြိုတင်ရှာဖွေရပါတယ်။ ကွင်းထဲမှာမြေဖို့တဲ့အခါ ဓာတ်ခွဲခန်းမှာ စမ်းသပ်ရရှိတဲ့ မြေသားသိပ်သည်းမှု အနည်းဆုံးရေလိုအပ်တဲ့ ပမာဏတို့ကို စံသတ်မှတ်ပြီး မြေကြီးတစ်လွှာဖို့ပြီးတိုင်း ဖို့မြေတွေကို သတ်မှတ်ထားတဲ့ နည်းစနစ်အတိုင်း စစ်ဆေးပါတယ်။ စံနှုန်းသတ်မှတ်ချက်နဲ့ ကိုက်ညီမှသာ မြေကြီးနောက်တစ်လွှာ ဖို့ခဲ့ပါတယ်။ ဖို့ကြိတ်တဲ့အခါမှာလည်း ဖို့မြေတစ်လွှာနဲ့တစ်လွှာ ဆက်စပ်မှုရှိအောင် နေရာလပ်မကျန် ကြိတ်နိုင်အောင် ရေအနည်း၊ အများ တို့ကို အမြဲကြည့်ရှုစစ်ဆေးပါတယ်။ တမံခိုင်ခံ့မှုကို အနှောင့်အယှက်ဖြစ်စေတဲ့ သစ်မြစ်တွေ၊ အမှိုက်တွေ၊ ကျောက်တုံးတွေကို ဖို့မြေမှာ မပါအောင် ဖယ်ရှားစေပါတယ်” ဟုဆိုသည်။

တမံအောက်ခြေ ပိုမိုတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ပြီး တမံပြုပြင်အားဖြည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် တမံထိပ်ပြင်မှ အနက် ၇၅ ပေအထိကို မြေဖယောင်း၊ ဘိလပ်မြေနှင့် ရေအချိုးကို ( သုည ဒသမ ၃ း သုည ဒသမ ၇ း ၁) ဖြင့် တမံအောက်ခြေမြေဖို့ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

**သရွတ်မှုတ်အားဖြည့်**

အနက် ၇၅ ပေမှ ပေ ၁၂၀ အထိ တမံအောက်ခြေအုတ်မြစ်သရွတ်မှုတ် အားဖြည့်ခြင်းလုပ်ငန်းကို မြေဖယောင်း၊ ဘိလပ်မြေနှင့် ရေ အချိုး (သုည ဒသမ ဝ၃ း သုည ဒသမ ၉၇ း ၁)ဖြင့် ရောစပ်ပြီး ဆောင်ရွက်ခဲ့သည်။ တမံထိပ်ပြင်အက်ကြောင်းဖြစ်ပေါ်ခဲ့တဲ့ RD - 5600 မှ RD - 6200 အတွင်း လွန်တူးစက် ၁၆ စီးဖြင့် သရွတ်လိုင်း ခုနစ်လိုင်း၊ တစ်လိုင်းနှင့်တစ်လိုင်း ၁၀ ပေခြား၊ လွန်တွင်း တစ်တွင်းနှင့်တစ်တွင်း ၁၀ ပေခြား၍ တမံထိပ်ပြင်မှ အနက်ပေ ၁၂၀ အထိ သရွတ်မှုတ်အားဖြည့်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လ ၁၇ ရက်နေ့အထိ သရွတ်မှုတ်အားဖြည့်ခြင်းလုပ်ငန်းမှာ ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဘူမိဗေဒဌာနခွဲမှ သိရသည်။

“တောင်နဝင်းရေလှောင်တမံ ကြံ့ခိုင်မှုက ဒေသခံတွေ စိုးရိမ်နေသလို အန္တရာယ်မရှိနိုင်ပါဘူး။ ရေလျှော့ချလိုသော ပမာဏကို လက်ရှိ ထိန်းညှိထုတ်လွှတ်ပေးတဲ့ နည်းလမ်းနဲ့လည်း လျှော့ချပေးနေတာဖြစ်လို့ ရေလျှော့ချဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေတံခါးတည်ဆောက်ဖို့ မလိုအပ်ပါဘူး။ ရေတံခါး ဒါမှမဟုတ် ရေတံခါးတပ်ရေပိုလွှဲတွေက ရေထုတ်လွှတ်လျှော့ချပေးမယ်ဆိုရင် ရေစီးဆင်းသွားတဲ့ လမ်းကြောင်းတစ်လျှောက် အခြားမလိုအပ်တဲ့ ထိခိုက်မှုတွေ ရှိနိုင်ပါတယ်”ဟု ဦးကျော်လင်းဦးက သုံးသပ်ပြောပြသည်။

**အချိန်ယူသုံးသပ်**

“ဂျပန်နိုင်ငံမှာ အခုလို တည်ဆောက်ပြီးဆည်တမံတစ်ခုမှာ ထပ်မံပြီး ရေတံခါးတွေ၊ ရေထိန်းရေပိုလွှဲတွေ တပ်ဆင်ဖို့အတွက် အနည်းဆုံးအချိန် ၁၀ နှစ်ယူပြီး လေ့လာမှုတွေ လုပ်ပါတယ်။ အဲဒီလိုလေ့လာရာမှာ ရေထိန်းတံခါးတပ်မယ့်ဆည်နဲ့ ပတ်ဝန်းကျင်က ဆည်တွေမှာ ရေပိုလွှဲတွေ၊ တံခါးတွေ ထပ်မံတပ်ဆင်ဖို့ လိုအပ်မှု ရှိ၊ မရှိ၊ ဆည်တစ်ခုတည်း တပ်ဆင်ပါက ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေကို စနစ်တကျ လေ့လာရပါတယ်။ ရေကြီးရေလျှံမှုဖြစ်တဲ့အချိန် ရေထိန်းတံခါးတစ်ခုတည်းက ရေတွေကို ထုတ်လိုက်မယ်ဆိုရင် ဆည်အောက်ပိုင်းဒေသတွေမှာ ရေလွှမ်းမိုးမှုတွေ အများကြီးဖြစ်လာနိုင်ပါတယ်။ ဒီလို အတွေ့အကြုံကို ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ ရခဲ့ပါတယ်။ ဒါကြောင့် ရေထိန်းတံခါးတပ်ဆင်မှုကို ကျွန်တော်တို့ အမြင်အနေနဲ့ အလောသုံးဆယ် မလုပ်စေချင်ပါဘူး။ စနစ်တကျလေ့လာပြီး အဆင့်အလိုက် စနစ်တကျနဲ့ အချိန်ယူသုံးသပ်ပြီး ဆောင်ရွက်သွားစေချင်ပါတယ်”ဟု ဂျပန်နိုင်ငံသား ဆည်တမံဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာ မိုတိုရောရှိဟိကဆ က သုံးသပ်ပြောကြားသည်။

**ရှေးရှုကြိုးစား**

ထိုကဲ့သို့ တောင်နဝင်းဆည် ရေလှောင်တမံကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ တောင်နဝင်းဆည်ကျိုးသွားတယ်ဆိုသည့် ကောလာဟလသတင်းများကြောင့် ထိတ်လန့်ခဲ့ရသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ကုစားနိုင်ရေးတို့အတွက် နေ့မနား၊ ညမနား ဆောင်ရွက်နေကြသည့် ဦးကျော်သူနှင့် အဖွဲ့သားများသည် တောင်နဝင်းဆည်ကြီး မပျက်မယွင်း ယခင်အတိုင်း ပြန်လည်ကောင်းမွန်လာရေးကိုသာ ရှေးရှုကာ ကြိုးစားဆောင်ရွက်နေကြသည်။

“ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူတွေက လုပ်ငန်းတွေကို မတ်လ ၃၁ ရက်နေ့မှာ ပြီးစီးအောင် လုပ်ငန်းခွင်အထိ လာရောက်ပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ အခုလို နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ လုပ်ငန်းတွေ ဆောင်ရွက်နေမှုကို ပေါက်ခေါင်းမြို့သူ မြို့သားတွေက အသိအမှတ်ပြုတဲ့အနေနဲ့ နေ့စဉ်နီးပါး ညနေပိုင်းတွေမှာ အစားအသောက်တွေ လာရောက်ကျွေးမွေးကြပါတယ်။ ကျွန်တော်တို့အတွက် ခွန်အားဖြစ်စေပြီး ကျွေးမွေးကုသိုလ်ပြုကြတဲ့ ပေါက်ခေါင်း မြို့သူ မြို့သားတွေကို ကျေးဇူးတင်ပါတယ်”ဟု ဦးကျော်သူက ဆိုသည်။ ■

# နေရဥ္စရာမြစ်ရေ ရေဝင်နည်းမှုကြောင့် ရာဇဂြိုဟ်ဆည်တွင် ရေခန်းခြောက်မှုများဖြစ်ပေါ်

**ကလေး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မြောက်ပိုင်းရှိ ရာဇဂြိုဟ်ဆည်အတွင်း နေရဥ္စရာမြစ်ရေဝင်ရောက်မှု လျော့နည်းလာခြင်းကြောင့် ဆည်အတွင်း ရေခန်းခြောက်မှုများဖြစ်ပေါ်ကာ မတ် ၂၆ ရက်တွင် ဆည်အတွင်း နုန်းမြေနှင့် ရွှံ့ညွန်ပြင်များဖြစ်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

“နေရဥ္စရာမြစ်ရေက အခုနွေရာသီမှာ တစ်စက္ကန့်ကို ကုဗပေ ၇၀ ပဲဝင်တော့တာပါ၊ မိုးရာသီကာလဆိုရင်တော့ ရေဝင်က တစ်စက္ကန့်ကို ၆၀၀၀၀ ကျော် အထိဝင်တယ်၊ လျှပ်စစ်ထုတ်လို့ရအောင် ရွှံ့ညွန်တွေကို စုပ်ထုတ်နေပါတယ်” ဟု ရာဇဂြိုဟ်ဆည်တာဝန်ခံ ဦးမျိုးထွန်း (ဦးစီးအရာရှိ)က ရှင်းပြသည်။

“နေရဥ္စရာမြစ်ရေက အရင်တုန်းကလိုတော့ ရေဝင်မကောင်းတော့ဘူး။ ချင်းတောင်ပေါ်က စတင်မြစ်ဖျားခံ စီးဆင်းတာဆိုပေမယ့် တောင်ပေါ်မှာလည်းသစ်တောတွေက မရှိတော့ဘူးလေ၊ ရေဝေရေလဲတွေလည်း မကောင်းတော့ဘူး၊ ဒီနေရဥ္စရာမြစ်မှ မဟုတ်ပါဘူး၊ ချောင်းတွေ၊ မြစ်တွေ အတော်များများက ရေခန်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရပါပြီ” ဟု ကလေးမြို့သဘာဝချစ်သူများအဖွဲ့မှ ကိုဝင်းက ပြောသည်။

“မိုးရာသီဆိုရင်တော့ လျှပ်စစ်ဓာတ်အားက စက်နှစ်ခုလုံးကို လည်ပတ်နိုင်မှာပါ၊ အခုက အချိန်ပိုင်းလေးနဲ့ ရသလောက်လည်ပတ်နိုင်အောင် ဆောင်ရွက်နေပါတယ်၊ တာဘိုင်အတွင်း ရေဝင်ရောက်မှုလမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့ သစ်တုံးတွေ၊ နုန်းတွေကိုလည်း နေ့စဉ်ဖယ်ရှားဆောင်ရွက်နေပါတယ် ” ဟု အင်ဂျင်နီယာ ဦးမျိုးထွန်းက ဆက်လက်ရှင်းပြသည်။

ရာဇဂြိုဟ်ဆည်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ဖြစ်ပေါ်ခဲ့သော ဆည်၏အထက်ဘက် သဘာဝမြေပြို၊ ဆည်ကန်ကျိုးပေါက်ခဲ့မှု ဖြစ်စဉ်ကြောင့် ဆည်အတွင်း နုန်းမြေများ၊ သစ်တုံးများဖြင့် ဖုံးလွှမ်းသွားပြီး ဆည်ကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများကို နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုမိုးရာသီကာလတွင် ဆည်အတွင်း နုန်းမြေဝင်ရောက်မှု လျော့နည်းစေရန်အတွက် နုန်းတားဆည်တွင် စက်ယန္တရားကြီးများဖြင့် နုန်းတားဆည်အတွင်းရှိနေသော နုန်းများကို ဖယ်ရှားရှင်းလင်းပြီး နောက်ထပ်ဝင်ရောက်လာသောနုန်းများကို တားဆီးနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူအတွက် ကနဦးလျှပ်စစ်ဓာတ်အားချိတ်ဆက်သွယ်တန်းရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ လက်ရှိကျင့်သုံးနေသည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တည်ဆောက်တပ်ဆင်ပြီး ထရန်စဖော်မာများကို အဖွဲ့အလိုက် သီးခြားစစ်ဆေးနေသည့် လုပ်ငန်းစဉ်အား ပူးပေါင်းစစ်ဆေးမှုလုပ်ငန်းစဉ် (Joint Inspection) အဖြစ် ဌာန (၂)ခု ပူးပေါင်းစစ်ဆေးခြင်းအားဖြင့် လုပ်ငန်းစဉ်အဆင့်နှင့် ကြာမြင့်ချိန်များကို လျှော့ချနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ ပူးပေါင်းစစ်ဆေးဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် တည်ဆောက်တပ်ဆင်ပြီး ထရန်စဖော်မာ၊ ဓာတ်အားလိုင်း / ခွဲရုံ နှင့် ပါဝါမီတာ သွယ်တန်းမှုများကို စစ်ဆေးရန်အသင့်ဖြစ်နေချိန်တွင် (၃) ရက်အတွင်း စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# အမေရိကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ဗင်နီဇွဲလားအရေး ဆွေးနွေး

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် ဗင်နီဇွဲလားနိုင်ငံအရေးနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အမေရိကန်နှင့် ဒေသအတွင်းနိုင်ငံများအနေဖြင့် ဗင်နီဇွဲလားနိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး အကြောင်းမဲ့ ဝင်ရောက်စွက်ဖက်နေခြင်းမဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်အား ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအရေးနှင့်ပတ်သက်ပြီး ရုရှားတပ်မတော် ပါဝင်လာခြင်းသည် ဗင်နီဇွဲလားပြည်သူများ ရင်ဆိုင်တွေ့ကြုံနေရသည့် ဒုက္ခများကို ပိုမိုကြာရှည်စေရန် တွန်းအားတစ်ရပ် ဖြစ်စေပါကြောင်း၊ ထို့ကြောင့် အပြုသဘောမဆောင်သောလုပ်ရပ်များကို ရုရှားအစိုးရအနေဖြင့် ရှောင်ကြဉ်သင့်ပါကြောင်း ဝန်ကြီး ပွန်ပီယိုက ဆိုသည်။

ဝါရှင်တန်အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့် ဗင်နီဇွဲလားနိုင်ငံအတွင်း အာဏာသိမ်းပိုက်ရန် ကြိုးပမ်းမှုနှင့် လက်ရှိအစိုးရအား ဆန့်ကျင်သည့် ခြိမ်းခြောက်မှုများသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်းကို ခွင့်မပြုသည့် နိုင်ငံတကာဥပဒေကိုလည်း ချိုးဖောက်ခြင်းဖြစ်ပါကြောင်း ဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြန်လည်ပြောကြားခဲ့သည်။





ရုရှားကာကွယ်ရေးတပ်မတော် အရာရှိတစ်ဦး အပါအဝင် တပ်မတော်သား ၁၀၀ ခန့် သယ်ဆောင်လာသည့် ရုရှားလေတပ်ပိုင် လေယာဉ်နှစ်စင်းသည် မတ် ၂၃ ရက်တွင် ဗင်နီဇွဲလားနိုင်ငံတွင် ဆင်းသက်ခဲ့ကြောင်း သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံသည် ဗင်နီဇွဲလားအစိုးရအား စီးပွားရေးပိတ်ဆို့သည့်မူဝါဒကို ကျင့်သုံးလျက်ရှိပြီး အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ထောက်ခံအားပေးကာ ဗင်နီဇွဲလားအစိုးရအား သံတမန်အဆက်အသွယ် ဖြတ်တောက်ထားကြောင်း သိရသည်။

ဗင်နီဇွဲလားအစိုးရအပေါ် ဝါရှင်တန်၏ ခြိမ်းခြောက်မှုများကို မော်စကိုက ရှုတ်ချလျက်ရှိပြီး ဗင်နီဇွဲလားနိုင်ငံရေးအရှုပ်တော်ပုံတွင် ဝါရှင်တန်ပါဝင်ပတ်သက်နေခြင်းမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်လျက်ရှိသည်ဟု မော်စကိုက စွပ်စွဲပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၃ ရက်တွင် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ဗင်နီဇွဲလားနိုင်ငံ၏ သမ္မတအဖြစ် အမေရိကန်အစိုးရက အသိအမှတ်ပြုခဲ့သည်။ အပြန်အလှန်အားဖြင့် ခေါင်းဆောင် ဂွါအီဒိုက အမေရိကန်ပြည်ထောင်စုနှင့် သံတမန်ရေးနှင့် နိုင်ငံရေးတို့တွင် သင့်မြတ်ကောင်းမွန်မှုရှိစေရန် ကြိုးပမ်းလျက်ရှိသည်။ **ဆင်ဟွာ**

## ကမ္ဘာ့အရေးကိစ္စရပ်များကို နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ဟု သမ္မတရှီကျင့်ဖျင်ဆို

**ပါရီ မတ် ၂၆**

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးကဏ္ဍများစသည့် ကမ္ဘာ့ရေးရာများကို တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အနေဖြင့် အတူတကွ ပူးပေါင်းကာ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း သမ္မတ ရှီကျင့်ဖျင်က မတ် ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

သမ္မတရှီကျင့်ဖျင်က ပါရီမြို့တွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်လ်နှင့် ဥရောပကော်မရှင်အကြီးအကဲ ဂျင်းကလောက် ဂျွန်ကာတို့နှင့် တွေ့ဆုံခဲ့သည်။ ခေါင်းဆောင်များက ကမ္ဘာ့အရေးကိစ္စရပ်များ ဆောင်ရွက်မှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမည်ဟု ကြေညာခဲ့ကြသည်။

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားမှုများနှင့် ယှဉ်ပြိုင်မှုများရှိပါသော်လည်း အဆိုပါယှဉ်ပြိုင်မှုများသည် အဆိုပါနိုင်ငံများအတွက် ကောင်းမွန်သောတိုးတက်မှုကို ဖြစ်ထွန်းစေပါသည်ဟု သမ္မတ ရှီကျင့်ဖျင်က ဆိုသည်။

ဥရောပနှင့် တရုတ်နိုင်ငံခေါင်းဆောင်များသည် ကမ္ဘာကြီးပူနွေးမှု၊ ကုန်သွယ်ရေးနှင့် အီရန်နျူကလီးယားပြဿနာ စသည့်တို့အပါအဝင် နိုင်ငံတကာ သဘောတူညီမှုများတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ကျင့်သုံးလျက်ရှိသည့် 'အမေရိကန်သည်သာ ပထမ'မူဝါဒ၏ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

သမ္မတ ရှီကျင့်ဖျင်၏ ပြင်သစ်နိုင်ငံသို့ သုံးရက်တာခရီးစဉ်အတွင်း သမ္မတ ရှီကျင့်ဖျင်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် နိုင်ငံတကာကျင့်ထုံးများကို မြှင့်တင်ရန် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သဘောတူညီခဲ့ကြသည်။ နိုင်ငံတကာအရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံပေါင်းစုံပါဝင်မှုသည်သာ အဓိကအရေးကြီးဆုံးအချက်ပင် ဖြစ်သည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

သို့သော် အမေရိကန်နိုင်ငံပါဝင်မှုမရှိဘဲ နိုင်ငံပေါင်းစုံပါဝင်မှု၏ကြိုးပမ်းချက်သည် မဖြစ်နိုင်ပါကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်က ဆိုသည်။

**အေအက်ဖ်ပီ**



## ယီမင်နိုင်ငံပြည်တွင်းစစ်ပွဲ ငါးနှစ်တာကာလသို့ ဝင်ရောက်လာပြီဖြစ်

**ဆာနား မတ် ၂၆**

အရှေ့အလယ်ပိုင်းရှိ ယီမင်နိုင်ငံပြည်တွင်းစစ်ပွဲဖြစ်ပွားမှုသည် အချိန်ကာလအားဖြင့် ငါးနှစ်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုများ ကင်းမဲ့ဆုံးသော နေရာတစ်ခုအသွင်ဆောင်လာခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

သမ္မတ အာဘတ်ရတ်ဘူ မန်ဆာဟာဒီအား ရာထူးနေရာပြန်လည်ရရှိစေရန် ရည်ရွယ်ပြီး ဆော်ဒီအာရေဗျနိုင်ငံ ဝင်ရောက်စွက်ဖက်လာခဲ့သည့် အချိန် ၂၀၁၅ ခုနှစ် မတ် ၂၆ ရက်မှ စပြီး ယီမင်နိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားမှုသည် ပိုမိုပြင်းထန်လာခဲ့သည်။

အီရန်နိုင်ငံက ဟူသီအဖွဲ့အားထောက်ခံပြီး ဆော်ဒီအာရေဗျထောက်ခံသော အစိုးရအဖွဲ့အား ဆန့်ကျင်လျက်ရှိသည်။ ထို့ကြောင့် ယီမင်ပြည်တွင်းစစ်ပွဲသည် တစ်ဖက်နိုင်ငံများအတွက် အကျိုးဆောင်သည့် စစ်ပွဲအသွင်ဆောင်လျက်ရှိသည်။

ကုလသမဂ္ဂ စစ်တမ်းများအရ ယီမင်နိုင်ငံအတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများ၌ သေကျေဒဏ်ရာရရှိသူပေါင်း ၁၈၀၀၀ ကျော်ရှိကြောင်း သိရသည်။ ထို့ပြင် ယီမင်ပြည်သူ သုံးပုံတစ်ပုံ (ပြည်သူရှစ်သန်းခန့်)သည် အစားအစာလုံလောက်မှုမရှိကြောင်း သိရသည်။

ဒီဇင်ဘာလတွင် အီရန်ထောက်ခံ ဟူသီအဖွဲ့နှင့် ဆော်ဒီထောက်ခံအစိုးရအဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ်ရရှိခဲ့သည်။ သို့သော် အစားအစာပို့ဆောင်ရေးလမ်းကြောင်းများကို နှောင့်ယှက်ကာ အလစ်ဝင်ရောက်တိုက်ခိုက်မှုများ ရှိနေသေးကြောင်း သိရသည်။

ဟူသီအဖွဲ့က ထိုသို့ နိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားမှု ပိုမိုဆိုးရွားလာခြင်းသည် ဆော်ဒီအာရေဗျနိုင်ငံ ဝင်ရောက်လာခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ပြစ်တင်ဝေဖန်ပြောကြားသည်။

ယီမင်ပြည်တွင်းစစ် ပဋိပက္ခသည် ငါးနှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း စစ်ပွဲများချုပ်ငြိမ်းသွားရန် အရိပ်အယောင်မတွေ့သေးကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားနျူကလီးယားအရေးနှင့် ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံက နိုင်ငံတကာအကူအညီယူသင့်ကြောင်း ဘန်ကီမွန်းဆို

**ဆိုးလ် မတ် ၂၆**

တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား ကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းလုပ်ဆောင်သင့်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းက ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်များကို ၁၀ နှစ်တိုင်တိုင်ထမ်းရွက်ခဲ့သူ ဘန်ကီမွန်းသည် မတ် ၂၆ ရက်တွင် ဆိုးလ်မြို့၌ ပြောကြားခဲ့သော မိန့်ခွန်းထဲတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

### ရည်ညွှန်းပြောဆို

လွန်ခဲ့သောလက ဝါရှင်တန်-ပြုံယမ်း ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်နှစ်ဦးအနေဖြင့် မည်သည့်သဘောတူညီမှုကိုမျှ ရရှိခဲ့ခြင်းမရှိဘဲ အစည်းအဝေးကို အဆုံးသတ်ခဲ့ရသည်။ ဘန်ကီမွန်းက ယင်းအစည်းအဝေးကို ရည်ညွှန်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ပြုံယမ်းက ၎င်း၏ နျူကလီးယားလက်နက်များကို စွန့်ပယ်ခြင်းမပြုသေးဘဲ ရပ်တန့်ရုံဖြင့်သာ ထားရှိမည်ဖြစ်ကြောင်း အမေရိကန်အစိုးရနှင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းခဲ့သည်ဟု ဘန်ကီမွန်းက ဆိုသည်။

သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြုံယမ်း၏ တောင်းဆိုမှုကို ပယ်ချခဲ့သည်။

### ပြန်လည်စတင်နိုင်ဖွယ်ရှိ

အဆိုပါ သဘောတူညီမှုမရရှိခဲ့သည့် ဝါရှင်တန်-ပြုံယမ်း ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲပြီးနောက် ပြုံယမ်းသည် ၎င်း၏ နျူကလီးယားအစီအစဉ်များကို ပြန်လည်စတင်လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း ဘန်ကီမွန်းက ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်-တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေးသည် အရေးပါကြောင်းကိုလည်း ဘန်ကီမွန်းက ပြောကြားခဲ့သည်။ ကိုရီးယားနှစ်နိုင်ငံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် တစ်ဖက်သတ်လုပ်ဆောင်ခြင်းမပြုပါရန် သမ္မတမွန်းဦးဆောင်သော အစိုးရအဖွဲ့အား ဘန်ကီမွန်းက တိုက်တွန်းပြောကြားခဲ့ပြီး ယခုလောလောဆယ်တွင် မြောက်ကိုရီးယားနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် မဖြစ်နိုင်သေးသည့် အခြေအနေတွင် ရှိပါကြောင်း မွန်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပုသိမ် တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်း ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းသည် မတ် ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ် တံတားအမှတ် (၂) တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီး ဌာန တံတားအထူးအဖွဲ့(၁၆) မှ တည်ဆောက် ရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သစ်သစ်အောင်က တံတားဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြသည်။



ပုသိမ်တံတားအမှတ် (၂) သည် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် စိန်ကုန်းရွာဘက်ကမ်းကို ဆက်သွယ်တည်ဆောက်ထားသော တံတားဖြစ်ပြီး တံတားအရှည် ၇၂၅ မီတာ၊ အကျယ် ၁၀ မီတာ နှစ်လမ်းသွား တံတားဖြစ်သည်။ အောက်ခံအုတ်မြစ်မှာ ဘိုးပိုင်၊ တံတားကိုယ်ထည်မှာ အာရ်စီ ကွန်ကရစ်နှင့် ပင်မတံတားမှ သံမဏိ သံပေါင် တံတား အမျိုးအစားဖြစ်သည်။ လုပ်ငန်းများကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် စတင်ခဲ့ပြီး ယခုအချိန်တွင် တံတား အုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံတားတစ်စင်းလုံး၏ ၂၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ခရိုင်အတွင်း ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်နေသော မိချောင်းတစ်ရာမှ ဘဲဂရက်ကြီးရွာသို့ ကတ္တရာလမ်း နှစ်မိုင် ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီ မြစ်ကူး (မြင်းကဆိပ်) ကြိုးတံတား ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားထိန်းသိမ်းရေးအဖွဲ့ တံတားတာဝန်ခံကို တံတားပေါ်တွင် သတ်မှတ်တန်ချိန်အတိုင်း ကားများကိုသာ ဖြတ်သန်းခွင့်ပြုရေး သေချာစွာဆောင်ရွက်ရန်နှင့် တံတား စစ်ဆေးချက်များကို လစဉ်ဆောင်ရွက်ပြီး စနစ်တကျ မှတ်တမ်းတင်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂေါက်သီးစည်းမျဉ်းသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုး တိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်နှင့် R&A တို့ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019 ) ကို ဧပြီ ၂၂ ရက်တွင် ကိုးမိုင်ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဂေါက်သီးအားကစားနည်း စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် ဧပြီ ၁၀ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် (ဖုန်း ၀၉-၅၁၉၃၄၂၃) နှင့် ဦးဝင်းဇော် (ဖုန်း ၀၉- ၂၅၄၂၂၅၀၇၀) တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မြစ်ကြီးနားမြို့ မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားအကများ ထည့်သွင်းကျင်းပမည်

**မြစ်ကြီးနား မတ် ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတွင်း လမ်းလျှောက်သင်္ကြန်၌ ခေတ်ပေါ် တေးဂီတအစီအစဉ်များ၊ တိုင်းရင်းသားရိုးရာ အကများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် တာဝန်ပေးအပ်မှုအလိုက် လိုအပ်သည့် အခက်အခဲများကို တင်ပြကြရန်လိုကြောင်း၊ အထူးသဖြင့် ပွဲတော်ကာလအတွင်း ပြည်သူများ လုံခြုံပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း မှာကြားသည်။

မြစ်ကြီးနား လမ်းလျှောက်သင်္ကြန်ပွဲတော် အတွင်း ခေတ်ပေါ်တေးသီချင်းဖျော်ဖြေမှုများအပြင် တိုင်းရင်းသားရိုးရာအကအလှ ဖျော်ဖြေရေးအစီအစဉ်များပါဝင်ပြီး စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မော်လူးတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဆိုင်ရာ အသိပညာပေးဟောပြော

**မော်လူး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၂၆ ရက် နံနက် ၁၀ နာရီက အာဖရိက ဝက်အပြင်းဖျားရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

"တရုတ်ပြည်ဘက်ကလာတဲ့ အစားအစာတွေမှာ ဝက်တွေရောဂါဖြစ်စေတဲ့ ပိုးမျိုးတွေပါလာနိုင်လို့ နယ်စပ်ဂိတ်တွေမှာ ဝက်နဲ့ပတ်သက်တဲ့စားသုံးကုန်တွေကို တရားဝင်ပိတ်ပင်တားဆီးနေပါတယ် " ဟု အင်းတော်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်မင်းဦးက ပြောသည်။

အဆိုပါ အာဖရိက ဝက်အပြင်းဖျားရောဂါများဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာ လေးမျိုးမှာ အနီစက်ရုတ်တရက်ပေါ်လာပြီး ရုတ်တရက်သေဆုံးခြင်း၊ ရောဂါကူးစက်ခံရပြီး နှစ်ရက်အတွင်း အပြင်းဖျားခြင်း၊ ၁၅ ရက်နှင့် ရက် ၂၀ အတွင်း နာတာရှည်ဖျားနာပြီး သေဆုံးခြင်း၊ အသက်ရှူလမ်းကြောင်းတွင် ရောဂါလက္ခဏာဖြစ်လာခြင်း၊ အရေပြားပေါ်တွင်ပုပ်ပြီး အနာရောဂါဖြစ်ခြင်းတို့ဖြစ်ပြီး ကြိုတင်သိရှိရန်လိုအပ်ကြောင်း၊ ရောဂါဖြစ်ဝက်များနှင့် စွန့်ပစ်ပစ္စည်းမှ တစ်ဆင့် ကူးစက်နိုင်သောကြောင့် ရောဂါလက္ခဏာစတင်ဖြစ်လာလျှင် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အချိန်မီသတင်းပို့ အကြောင်းကြားခြင်း၊ လတ်တလောအခြေအနေတွင် ရောဂါဖြစ်ပွားလာပါက ရောဂါမဖြစ်သောဝက်များကို တခြားနေရာသို့ အလျင်အမြန် ခွဲထုတ်ခြင်း၊ ဝက်များတွင် ကပ်ရောက်နေသည့် ပိုးမွှားကောင်များကို ရှင်းလင်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝဇီ၃**

# သင်္ကြန်အကြို ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် မတ် ၂၆**

လူသုံးကုန်ပစ္စည်းများ၊ ဖက်ရှင်နှင့်အခြား ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများကို ခင်းကျင်းပြသမည့် သင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ ကန်သာယာစင်တာ၌ ဧပြီ ၅ ရက်မှ ၇ ရက်အထိ နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။


"ခုဆိုရင် တစ်နှစ်ပတ်လုံး မိဘဆွေမျိုးတွေနဲ့ ဝေးကွာပြီး အလုပ်တွေကြိုးစားခဲ့ကြသူတွေလည်း ဒီလိုအချိန်မှာ မိဘထံပြန်ဖို့ ပြင်နေကြပါပြီ။ ကျောင်းသား ကျောင်းသူ လူငယ်တွေအနေနဲ့လည်း စာမေးပွဲကြီးပြီးသွားပြီမို့ စိတ်လွတ်အပန်းဖြေစရာ၊ ပျော်စရာ အချိန်တွေကို တောင့်တနေကြမှာဖြစ်တဲ့ အတွက် ဒီသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို စီစဉ်လိုက်တာပါ။ ဈေးဆိုင်ခန်းများမှာ လူသုံးကုန်ပစ္စည်းတွေကို ခင်းကျင်းပြသ သွားဖို့ရှိပြီး ပွဲတော်လာ ပြည်သူတွေ အဆင်ပြေစွာ ဝယ်ယူနိုင်ဖို့အတွက် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ခင်းကျင်းပြသရောင်းချသွားမှာပါ။ ပြီးတော့ လာရောက်လည်ပတ်ကြမယ့် ပြည်သူတွေပျော်ရွှင်စွာ စားသောက်နိုင်ကြစေဖို့အတွက် စားသောက်ဆိုင်ခန်းတွေကိုပါ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ဈေးရောင်းပွဲတော်စီစဉ်သည့် ဦးဇင်မျိုးက ပြောသည်။

အဆိုပါ သင်္ကြန်အကြိုဈေးရောင်းပွဲတော်၌ ကျန်းမာရေးဝန်ဆောင်မှုများ၊ လူသုံးကုန်၊ ဖက်ရှင်နှင့်အလှကုန်ပစ္စည်းများကို စုံလင်စွာခင်းကျင်းပြသထားမည်ဖြစ်ပြီး အစားအသောက်များ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များ၊ ကစားကွင်းများ၊ စင်တင်တီးဝိုင်း ဖျော်ဖြေရေး အစီအစဉ်များ၊ Magic Show များ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။ **ပွင့်သစ္စာ**

❖ **မြိတ်မြို့မှ**

သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ ညနေ ၄ နာရီတွင် ကမ်းနားလမ်းသဲကွင်း Seaview Condo အနီးတွင်ရှိသည့် Myeik FC ဘောလုံးကွင်းတွင် အနုပညာရှင်အသင်းများဖြစ်သည့် Actor Star FC အသင်း၊ Music & Actor FC အသင်း၊ Joker FC အသင်းနှင့် ဒေသခံအသင်းဖြစ်သည့် Myeik FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆု ငွေကျပ် ၁၀ သိန်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သဲသောင်ပြင် ဘောလုံးပြိုင်ပွဲမစတင်မီ နိုင်ငံကျော်တေးသံရှင်များက တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ကြောင်းနှင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**




# ပြည်မြို့တွင် ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲကျင်းပမည်

**ပြည် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ယခုနှစ် အတာသင်္ကြန်ပွဲတော်၌ လမ်းလျှောက်သင်္ကြန်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပါဝင်မည့် သင်္ကြန်ဇုန်ကို ပြည်မြို့ ကမ်းနားလမ်း၊ လမ်းမတော်၊ လမ်းရှည်လမ်းနဲ့ ကမ်းနားသဲသောင်ပြင်တို့ကို သတ်မှတ်ကာ မြို့တွင်းရှိ ရေကစားမဏ္ဍပ်များကို ဖိတ်ခေါ်ခြင်း၊ ဖျော်ဖြေရေး၊ အလှပြပွဲများနှင့် အခြား စိတ်ပါဝင်စားဖွယ်ရာ များကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

❒ **အာရှ ယူ-၂၃မှ**

အသင်းသည် ခံစစ်တွင် ရှစ်ဦး၊ ကိုးဦးအထိ စုပြုံပိတ်ဆို့ကစားသော်လည်း ခံစစ်ကစားပုံမပီပြင်သောကြောင့် ပွဲအစမှာပင် ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ပွဲအစ ခြောက်မိနစ်မှာပင် မြန်မာဂိုးသမား ဆန်းဆက်နိုင် အမှားမှတစ်ဆင့် မယ်ဒါက ဂျပန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ မြန်မာအသင်း ခံစစ်ဟာကွက်များကို ဂျပန်အသင်းက အသုံးချကာ ရှစ်မိနစ်တွင် မယ်ဒါ၊ ၁၃ မိနစ်တွင် အီဝါဆာကာတို့က နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးထပ်မံမပေးရစေရေး ခံစစ်ကစားသမားများထည့်ကာ အားဖြည့်သော်လည်း အလုပ်မဖြစ်ဘဲ ပထမပိုင်းပြီးခါနီးတွင် ဂိုးများထပ်ပေးခဲ့ရသည်။

**ဂိုးများထပ်မံသွင်းယူ**

ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် နာကာဝါရာ၊ ၄၄ မိနစ်တွင် မယ်ဒါတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ပြီး မိနစ် ၅၀ တွင် ဝင်းနိုင်ထွန်း၏ ကန်ချက် ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ဂျပန်အသင်းက ပွဲကို ထိန်းကစားသွားပြီး ၆၈ မိနစ်တွင် အီဝါဆာကာ၊ ၇၉ မိနစ်တွင် နာကာဝါရာတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

ပထမပွဲတွင် တီမောအသင်းက မကာအိုအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအုပ်စုတွင် ဂျပန်အသင်းက သုံးပွဲစလုံး အနိုင်ရကာ ကိုးမှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**




Multi World Trade Co., Ltd. က ကြေးမုံသတင်းစာတိုက် ကြော်ငြာဌာနတွင် အသုံးပြုရန်အတွက် Master အမှတ်တံဆိပ် Mist Fan တစ်လုံးကို လှူဒါန်းရာ ဦးမင်းဇော်သိန်း (လက်ထောက်မန်နေဂျာ-ကြော်ငြာ) နှင့် တာဝန်ရှိသူများ လက်ခံစဉ်။ **ကိုဇော်**

# တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား AA အဖွဲ့က ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မတ် ၂၆**

ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့် ကျောက်တော်မြို့နယ် ကျီးရာပြင်ကျေးရွာအနီး မြောက်ဦး-ကျောက်တော် လမ်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော် စစ်ကြောင်းတို့အား AA အဖွဲ့က မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်ဘက်မှ စစ်သည်အချို့ ကျဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး AA အဖွဲ့ထံမှ အလောင်းများနှင့် လက်နက်ငယ်မျိုးစုံ သုံးလက်အပါအဝင် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

တပ်မတော်လုံခြုံရေးစစ်ကြောင်းသည် မတ် ၂၅ ရက် နံနက်ပိုင်းတွင် ရေစိုးချောင်းကျေးရွာ အနောက်တောင်ဘက် ငစံဘော်ချောင်း၏ အရှေ့ဘက်ကမ်းသို့ ရောက်ရှိစဉ် ငစံဘော်ချောင်းတစ်ဖက်ကမ်း ခနိတောမှ AA အဖွဲ့မှ ၁၀ ဦးခန့်က စတင်ပစ်ခတ်ခဲ့ပြီး ၁၀ မိနစ်ခန့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားကာ AA အဖွဲ့သည် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် တပ်မတော်စစ်ကြောင်းများက လုံခြုံရေးနှင့် စစ်ဆင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့နံနက်ပိုင်းတွင် ကျောက်တော်မြို့နယ် ကျီးရာပြင်ကျေးရွာအနီး မြောက်ဦး-ကျောက်တော် လမ်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော် စစ်ကြောင်းအား AA အဖွဲ့အင်အား ၁၅၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှစ်ကြိမ်လာရောက်တိုက်ခိုက်ခဲ့ကြောင်း။

ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည်အချို့ကျဆုံးထိခိုက် ဒဏ်ရာရရှိခဲ့ကြကာ AA အဖွဲ့ထံမှ အလောင်းများနှင့် လက်နက်ငယ်မျိုးစုံ သုံးလက်အပါအဝင် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ဖြစ်စဉ်ဖြစ်ပွားရာနှင့် အနီးပတ်ဝန်းကျင်အား လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

AA အဖွဲ့အနေဖြင့် မြို့ ရပ်ကွက်၊ ကျေးရွာနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တိုက်ခိုက်ခြင်း၊ မိုင်းထောင်၊ မိုင်းခွဲခြင်းစသည့် အဖျက်အမှောင့်အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာ ၎င်းတို့၏ လုပ်ရပ်များကို ဟန့်တားထိန်းချုပ်လျက်ရှိသည့် တပ်မတော် စစ်ကြောင်းများအား မကြာခဏပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများအနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းစေရေးအတွက် လုံခြုံရေး




နှင့် စစ်ဆင်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ခါးပိုက်နှိုက်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ ပြစ်မှုကျူးလွန်သူများဖြစ်



သည့် အောင်လွင်ဦး၊ မြလှိုင်(ခ) ကြွက်နီ၊ ထွန်းထွန်း၊ အောင်ဟိန်း၊ ဝင်းသူအောင်(ခ)အောင်မေး(ခ)အော်ကြီးနှင့် ကျော်မင်းဦးတို့အား အခြားပြစ်မှုများ ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးရာ အောင်ဟိန်း၊ ထွန်းထွန်း၊ ဝင်းသူအောင်(ခ)အော်မေး(ခ)အော်ကြီးနှင့် မြလှိုင်(ခ)ကြွက်နီတို့မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် ခရီးသည်များ၏ အိတ်အတွင်းမှ ဖုန်း ၁၄ လုံးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများ၌ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ခရီးသည်များ၏ အိတ်အတွင်းမှ ဖုန်း ၁၃ လုံး စုစုပေါင်း ဖုန်း ၂၇ လုံးတို့အား အသီးသီးနှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မိုးကောင်းမြို့နယ်အတွင်း ရထားတွဲချော်၍ လမ်းပိတ်မိနေသောနေရာတွင် ရထားပြောင်းပေး

**မိုးကောင်း မတ် ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပိုင်းရှိ မိုးကောင်းနှင့် ထိုပူးဘူတာကြားတွင် မတ် ၂၅ ရက် ညနေက အဆန်ကုန်ရထား တွဲချော်မှုဖြစ်ပွားခဲ့၍ မတ် ၂၆ ရက်က ရထားစီးခရီးသည်များ အဆင်ပြေစေရန် မန္တလေး-မြစ်ကြီးနား အစုန်/အဆန် ရထားစီးခရီးသည်များကို ရထားပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားတွဲချော်နေသည့်နေရာသို့ တိုင်း(၁) မန်နေဂျာ ဦးကြည်ဝင်း၊ စက်မှုအင်ဂျင်နီယာ ဦးညိုလင်းဦး၊ မြို့ပြအင်ဂျင်နီယာ ဦးအောင်မော်နှင့် မီးရထားဝန်ထမ်း စုစုပေါင်း အင်အား ၆၅ ဦးသည် ရထားလမ်းများ အချိန်မီ ပြန်လည်ကောင်းမွန်လာစေရန် ပျက်စီးသွားသည့် ဇလီဖားတုံးများ အစားထိုးလဲလှယ်ခြင်း၊ သံလမ်းများ လဲလှယ်ခြင်း၊ ရထားလမ်းပေါ်တွင် ပိတ်မိနေသည့် ရထားစက်ခေါင်းတွဲအား လမ်းပေါ်မှ ဖယ်ရှားနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရထားပြောင်းရာတွင် ခရီးသည်များ အဆင်ပြေချောမွေ့စေရန် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ခရီးသည်များ၏ ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား ကူညီပို့ဆောင်ခြင်း၊ နာမကျန်းဖြစ်နေသူနှင့် ကိုယ်အင်္ဂါချို့တဲ့နေသူများကို ရထားတွဲပေါ်အရောက် ကူညီပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့ညပိုင်းတွင် လမ်းများ ကောင်းမွန်ကြောင်း တိုင်း(၁)မန်နေဂျာထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့

**ရေကြည် မတ် ၂၆**

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)နှင့် ရေကြည်မြို့နယ်အသင်းများက ကြီးမှူးကျင်းပသော အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၄၅၉ ဦးအား ပူဇော်ကန်တော့ပွဲကို မတ် ၂၄ ရက် နံနက် ၈ နာရီက ပုသိမ်ခရိုင် ရေကြည်မြို့ ပြည်တော်အေးဓမ္မာရုံ၌ ကျင်းပသည်။

ရေကြည်မြို့နယ် အသင်းထောက်ဥက္ကဋ္ဌ ဆရာဦးလှရှိန်က ရေကြည်မြို့နယ်အသင်း(ရန်ကုန်)နှင့် ရေကြည်မြို့နယ်အသင်းထောက်(ရေကြည်)တို့ ပူးပေါင်းဆောင်ရွက်မှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ပူဇော်ခံ အဘိုးအဘွားများထဲမှ အဘိုး ဦးထွန်းမောင်က ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။



ထို့နောက် သက်တော်ရှည် ဆရာတော် ခြောက်ပါး၊သီလရှင် သုံးပါးနှင့် အဘွားဒေါ်ခင်အေး အသက် ၁၀၆ နှစ်နှင့် စုစုပေါင်း ကန်တော့ခံ ၄၅၉ ဦးတို့အား အလှူငွေနှင့် ခြင်ထောင်၊ စောင်စသော လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **အောင်သူဟန် (ပြန်/ဆက်)**

## (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**အင်းတော်**

(၇၄) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာရွတ်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

လူမှုဝန်ထမ်းဦးစီးဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

**ဂန့်ဂေါ**

(၇၄) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Book Club ဥက္ကဋ္ဌ ဦးအောင်စိုးမင်းက ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ကျော်သန်းဆွေ(ဂန့်ဂေါ)**

## အတက်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

အတက်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်၌ ကျင်းပသည်။

"အတက်ရောဂါနဲ့ပတ်သက်လို့ ကုထုံးတွေ ပေါ်ပေါက်နေပါပြီ။ ပုံမှန်ကုသမှုခံယူခြင်းဖြင့် အတက်ရောဂါ ထပ်ပံမဖြစ်ပွားအောင်လည်း ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ လူနာတွေအနေနဲ့ စိတ်ပျက်အားငယ်စရာမလိုပါဘူး။ ဒီရောဂါက ကူးစက်တတ်တဲ့ရောဂါလည်း မဟုတ်ပါဘူး။ ပုံမှန်ကုသမှုခံယူမယ်ဆိုရင် လူကောင်းပကတိလို သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်၊ အလုပ်လုပ်နိုင်၊ ပညာသင်ယူနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာဒေါ်စုစုဒွေးက ပြောသည်။

မြန်မာနိုင်ငံတွင် အတက်ရောဂါကို ရှေးယခင်ကတည်းက ဝက်ရူးပြန်ရောဂါဟု လူသိများခဲ့ပြီး မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်လေ့လာဆန်းစစ်ချက်များအရ လူ ၁၀၀၀ လျှင် ၁ ဒသမ ၄ ဦးနှုန်း ဖြစ်ပွားလျက်ရှိကြောင်း၊ ယင်းရောဂါသည် ဦးနှောက်အတွင်း လျှပ်စီးကြောင်းများ ရုတ်တရက်မူမမှန်ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းကာ တုန်၍ သတိလစ်သွားခြင်းသာဖြစ်ကြောင်း၊ ယင်းမှာ ကူးစက်တတ်သောရောဂါလည်းမဟုတ်ကြောင်း၊ စနစ်တကျကုသမှုခံယူပါက သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။

အတက်ရောဂါကို ကနေဒါနိုင်ငံမှ အသက် ၉ နှစ်အရွယ်သာရှိသေးသည့် မိန်းကလေးငယ် Cassidy Megan ဆိုသူက ၎င်းတွင်ခံစားနေရသော အတက်ရောဂါဝေဒနာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းအခမ်းအနားကို ၂၀၀၈ ခုနှစ်တွင် မတ် ၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီးနောက် အတက်ရောဂါနေ့အဖြစ် ပေါ်ပေါက်လာကြောင်းသိရသည်။ **မြင့်မောင့်စိုး**

## တိုတိုထွာထွာဖတ်စရာ

### လားရှိုးတွင် အကောက်ခွန်မဲ့ပစ္စည်းများ ဖျက်ဆီး

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက သိမ်းဆည်းခဲ့သည့် ငွေကျပ် ၂၅၈သိန်းကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများ၊ စားသုံးရန်မသင့်သည့်ပစ္စည်းများကို မတ် ၂၅ ရက် နံနက်ပိုင်းက လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနဝင်းအတွင်း ဖျက်ဆီးခဲ့သည်။

ဘီယာ၊ အချိုရည်နှင့် မုန့်ပဲသရေစာများ၊ အလှပြင်ပစ္စည်းများ၊ ဆေးလိပ်၊ ဆံပင်ပေါင်းဆေးအပါအဝင် တိရစ္ဆာန်အားတိုးဆေးမှုန့်များနှင့် အထည်ဟောင်းများကို ဖျက်ဆီးခြင်းဖြစ်ကြောင်း လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းသူက ပြောကြားသည်။ **မမ (လားရှိုး)**

### မွန်စာပေနှင့် မွန်စကားပြောသင်တန်း ဖွင့်လှစ်

**ရန်ကုန်**

ရန်ကုန်(မြောက်ပိုင်း)ခရိုင် ထန်းတပင်မြို့နယ် မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းခန်းမ၌ (၆)ကြိမ်မြောက် နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်း ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် တက်ရောက်သင်ကြားနေကြသည့် မွန်တိုင်းရင်းသားကလေးငယ်များအတွက် စာအုပ်များ၊ ဘောပင်များနှင့် လွယ်အိတ်များကို ရန်ကုန်တိုင်းဒေသကြီး မွန်လူငယ်အဖွဲ့မှ မတ် ၂၄ ရက် မွန်းလွဲပိုင်းက လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကာ သင်တန်းသို့ မြို့နယ်အတွင်းရှိ မွန်တိုင်းရင်းသားကလေးငယ် ၂၆ ဦး တက်ရောက်လျက်ရှိကြပြီး မတ် ၂ ရက်မှ ဧပြီ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

### ကလောမြို့နယ်၌ အမှိုက်ကင်းစင်ရေး ဆောင်ရွက်

**ကလော**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် One State - One Township Project အရ ဆောင်ရွက်သည့် အမှိုက်ကင်းစင်ရေးလုပ်ငန်းများကို မတ် ၂၃ ရက် နံနက်ပိုင်းမှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း ဦးဆောင်သည့် မြို့နယ်အမှိုက်ကင်းစင်ရေး ဦးစီးကော်မတီအဖွဲ့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် အမှိုက်ပုံးကြီး ၁၂ ပုံး၊ ကလောမြို့တွင်းရှိ မိန်းလမ်း၌ အမှိုက်ပုံးသေး ၁၂ ပုံးတို့ကို လိုက်လံချထားခဲ့ပြီး မြို့နယ်အတွင်း အမှိုက်ကင်းစင်ရေးလုပ်ငန်းအတွက် ပြည်သူလူထုနှင့်တွေ့ဆုံပြီး အသိပညာပေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

## မန္တလေးလမ်းလျှောက်သင်္ကြန်၌ သံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်ဆင်နွှဲမည်



**ယခင်နှစ်က မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပြည်သူများနှင့် နိုင်ငံတကာခရီးသွားများ ဝင်ရောက်ဆင်နွှဲနေသည်ကို တွေ့ရစဉ်။**

**မန္တလေး မတ် ၂၆**

ယခုနှစ် မန္တလေးမြို့တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ လာရောက်ပါဝင်ဆင်နွှဲရန် စီစဉ်ထားရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် နိုင်ငံတကာခရီးသွားများ ဝင်ရောက်ဆင်နွှဲမှုများပြားခဲ့ပြီး ယခုနှစ်တွင်လည်း ပြည်တွင်းခရီးသွားလုပ်ငန်းများမှ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် လာရောက်ဆင်နွှဲနိုင်ရန် နိုင်ငံတကာ ခရီးသွားများအား ဖိတ်ခေါ်ကမ်းလှမ်းထားမှုများရှိနေသည့်အပြင် နိုင်ငံတကာသံရုံးများမှလည်း လာရောက်ပါဝင်ဆင်နွှဲရန် အစီအစဉ်များရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ဒီနှစ်ကျင်းပမယ့် မန္တလေးရဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်မှာ ပါဝင်ဆင်နွှဲကြဖို့ နိုင်ငံခြားသံရုံးတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ကမ်းလှမ်းမှုတွေရှိသလို သူတို့ကလည်း လာရောက်ဆင်နွှဲလိုတဲ့ ဆန္ဒတွေရှိနေကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ ကျွန်တော်တို့ကတော့ သူတို့ရေကစားဖို့ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ်လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ယခင်နှစ်များကဲ့သို့ ကျုံးတောင်ဘက်ခြမ်းတွင်သာမက ကျုံးအရှေ့ဘက်ခြမ်း၌ပါ တိုးချဲ့ကျင်းပပေးသွားမည်ဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်း လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်Bella Cosmetics မှ ပေ ၂၀၀ အကျယ်အဝန်းတွင် ခေတ်မီထူးခြားဆန်းသစ်သော အစီအစဉ်များဖြင့် ပါဝင်ဆင်နွှဲသွားမည့်အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင်များကလည်း လာရောက်ပါဝင်ဆင်နွှဲကြမည်ဖြစ်ခြင်းကြောင့် ၂၆ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြားတွင် ရေကစားမဏ္ဍပ်တစ်ခု နေရာချထားရန် စီစဉ်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရော်ဘာခြံပြုပြင်ထိန်းသိမ်းခြင်း၊ အစေးခြစ်ခြင်းနှင့် အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်းသင်တန်းဖွင့်လှစ်

**ကော့ကရိတ် မတ် ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ရော်ဘာခြံပြုပြင်ထိန်းသိမ်းခြင်း၊ အစေးခြစ်ခြင်းနှင့် အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ကော့ကရိတ်မြို့နယ် နောင်နိုင်းကျေးရွာ တောင်သူဦးအတာ၏ ရော်ဘာခြံ၌ ကျင်းပသည်။

ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ကေသီနွယ်က အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာနိုင်မှုအခြေအနေနှင့် တစ်နိုင်တစ်ပိုင် ရော်ဘာပြားထုတ်လုပ်ရောင်းချရာတွင် ဝင်ငွေရရှိမှုအခြေအနေများကို နှိုင်းယှဉ်၍ ဝင်ငွေပိုမိုရရှိသည့်နည်းလမ်းများ အသုံးပြုလာနိုင်စေရေး ပြောကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နော်သူးလေထီးက သင်တန်းသို့တက်ရောက်လာကြသည့် သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချပေးခဲ့သော ပညာရပ်များကို မိမိတို့၏လုပ်ငန်းခွင်တွင် ပိုမိုကျယ်ပြန့်စွာ အသုံးချလာနိုင်စေရေးအတွက် စိတ်ပါဝင်စားစွာ သင်ကြားစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြ ဆရာများနှင့် ရန်ကုတ်ကျေးရွာ၊ နောင်နိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စိတ်ပါဝင်စားသည့် သင်တန်းသား သင်တန်းသူ ၅၀ တို့အား ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**

# နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) တာဝန်ယူဆောင်ရွက်ရမည့်မြေကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရန် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်းတစ်လျှောက်တွင် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားရန်ဖြစ်စေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရာတွင် လိုအပ်သည့် အကူအညီရယူရန်ဖြစ်စေ၊ သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်ရန်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံတွက်ချက်တင်ပြခြင်း၊

(င) ပုဒ်မခွဲ (ဃ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြခြင်း၊

(စ) နယ်နိမိတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက မှတ်တမ်း၊ အထောက်အထား သို့မဟုတ် စာချုပ်စာတမ်းများ တင်ပြရန်ရှိပါက တင်ပြစေခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းနှင့်တစ်ဆက်တစ်စပ်တည်းရှိနေသည့်မြေများကိုလည်းကောင်း ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာအကျိုးစီးပွားကို ခံစားခွင့်ရှိသူကိုဖြစ်စေ၊ ယင်းမြေကိုစီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဖြစ်စေ၊ သိရှိစေရန် ကြော်ငြာစာထုတ်ပြန်၍ သက်ဆိုင်သူများထံ ဖြန့်ဝေခြင်း သို့မဟုတ် နယ်နိမိတ်သတ်မှတ်မည့်မြေနေရာနှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတို့တွင် မြင်သာစွာကပ်ထားခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဇ) ကြော်ငြာစာပါ နေ့ရက်၊ အချိန်များတွင် တာဝန်ယူဆောင်ရွက်ရသည့်ဒေသ၏ မြေအပိုင်းအခြားကိုညွှန်ပြခြင်း၊ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကိုစိုက်ထူခြင်း၊ ပြုပြင်ခြင်းနှင့် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရာ၌ လိုအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီများ ရယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြား သတ်မှတ်ပြီးနောက် မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ ညှိနှိုင်းပြီး လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်စိုက်ထူခြင်း၊

(ည) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ ယင်းမြေကို မည်သူက လက်ရှိပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ချက်မချနိုင်၍ မြေနယ်နိမိတ်ကို မသတ်မှတ်နိုင်လျှင် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြအစီရင်ခံခြင်း၊

(ဋ) မိမိသုံးသပ်ချက်နှင့် သဘောထားပါဝင်သောဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိမှတစ်ဆင့် မိမိအားခန့်အပ်တာဝန်ပေးသူထံတင်ပြခြင်း၊

(ဌ) ပုဒ်မခွဲ (ဋ) အရ တင်ပြသည့် အစီရင်ခံစာတွင် နယ်နိမိတ်ကိုပြင်ဆင်သတ်မှတ်ရန် လိုအပ်ကြောင်း မှတ်တမ်း၊ အထောက်အထားခိုင်မာစွာ တွေ့ရှိပါက ထည့်သွင်းဖော်ပြခြင်း။

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရာတွင် မြေပြင်ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိမှ တင်ပြလာသည့် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို စိစစ်အတည်ပြု၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် အဆုံးအဖြတ်မပေးနိုင်သည့် ကိစ္စများကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) တာဝန်ယူဆောင်ရွက်ရမည့်မြေနှင့်စပ်လျဉ်း၍စစ်ဆေးမေးမြန်းခြင်း စတင်ပြုလုပ်သည့်နေ့မတိုင်မီ ရက်ပေါင်း ၉၀ အတွင်း လက်ရှိလုပ်ကိုင်နေထိုင်သူတို့ကို ဥပဒေနှင့်မညီဘဲလက်လွတ်စေ၍ လက်ဝယ်ရယူထားကြောင်း စစ်ဆေးတွေ့ရှိရလျှင် ဥပဒေနှင့်မညီဘဲလက်လွတ်ဆုံးရှုံးရသူကို လက်ရှိအဖြစ်ထား၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(င) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက ပေးပို့သော အစီရင်ခံစာကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် သဘောမတူ၍ ကန့်ကွက်ငြင်းဆိုလိုလျှင် ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ငြင်းဆိုလိုသောအချက်များကို စာဖြင့်ရေးသားဖော်ပြကန့်ကွက်နိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကြေညာစေခြင်း၊

(စ) အဆိုပါရက်ပေါင်း ၃၀ ကုန်ဆုံးပြီးနောက်တွင် တင်ပြလာသည့် ကန့်ကွက်လွှာများကို ငြင်းပယ်ရမည်ဖြစ်ပြီး လိုအပ်ပါက ယင်းကန့်ကွက်လွှာများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေများနှင့်စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကိုစစ်ဆေးမေးမြန်းရန်အတွက် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရပါ သက်သေတို့ကို လာရောက်စေရန်ဆင့်ခေါ်ပြီး စာချုပ်စာတမ်းများကို တင်ပြစေခြင်း၊

(ဇ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တင်ပြချက်အရ လည်းကောင်း၊ မိမိကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်အရလည်းကောင်း နယ်နိမိတ်အငြင်းပွားမှုတွင် မည်သူက လက်ရှိဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရန် ခိုင်လုံမှုမရှိလျှင် စစ်ဆေးမေးမြန်းချက်များအပေါ် ချိန်ဆုံသုံးသပ်ပြီး လက်ရှိဖြစ်သူနှင့် ညှိနှိုင်း၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရမည့်မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများဖြစ်ပေါ်ပါက နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ ဆုံးဖြတ်ရယူဆောင်ရွက်ခြင်း။

**အခန်း(၅)**

**နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

၁၀။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ပြီးပါက နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ စိုက်ထူစေရမည်။

၁၁။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်စိုက်ထူပြီးသည့်အခါ နယ်နိမိတ်တိုင်းတာပိုင်းခြားသည့် လုပ်ငန်းဆောင်ရွက်မှုမှာ အပြီးအပြတ်ဖြစ်စေရမည်။

၁၂။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင်သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် မြေရှင်များနှင့်မြေလက်ရှိလုပ်ကိုင်နေသူတို့အား သတ်မှတ်ချက်နှင့်အညီ တာဝန်ပေးအပ်ရမည်။

၁၃။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သို့မဟုတ် မြေရှင် သို့မဟုတ် မြေတွင် လက်ရှိလုပ်ကိုင်လျက်ရှိသူသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခုကို ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်းလဲခြင်းမရှိစေရန် တားဆီးကာကွယ်ရန် တာဝန်ရှိသည်။

၁၄။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို တစ်စုံတစ်ရာရွှေ့ပြောင်းဖယ်ရှားခံရခြင်း၊ ဖျက်ဆီးခံရခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ပျောက်ဆုံးခြင်း၊ ပြောင်းလဲခြင်းနှင့် မှတ်သားထားသည့် အမှတ်အသားတစ်ခုခုကိုမထင်မရှားဖြစ်စေခြင်းပါ ကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိလျှင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြရမည်။

၁၅။ ပုဒ်မ ၁၄ အရ တင်ပြလာသည့် ကိစ္စရပ်အပေါ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်နှင့်တကွ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

၁၆။ ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် သော်လည်းကောင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ ပြင်ဆင်ရန် လိုအပ်ခြင်းများရှိလျှင် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကမြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ပြင်ဆင်ခြင်း၊ အသစ်စိုက်ထူခြင်းပြုလုပ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

**စာမျက်နှာ ၁၇ သို့**

# ကမ္ဘာ့မွေထိုင်းချန်ပီယံကို အကောင်းဆုံးယှဉ်ပြိုင်မည်ဟု မြန်မာ့လက်ဝှေ့ကျော် ထွန်းထွန်းမင်းပြောကြား

**ရန်ကုန် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး Sai Zaw Zaw Group မှ မတ် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည့်Yangon LETHWEI NATION FIGHTS မြန်မာ-ထိုင်းနိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့လက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ကမ္ဘာ့မွေထိုင်းနှင့် MX မွေထိုင်းချန်ပီယံခါးပတ်ရရှိထားသူ ထိုင်းလက်ဝှေ့ကျော် ထာနီလစ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

"ဒဏ်ရာရတာကြောင့်နာပြီး ပြန်ထိုးတဲ့အခါမှာ အခုဆိုရင် ကျွန်တော် သုံးပွဲထိုးတဲ့အချိန်မှာ သုံးပွဲသရေကျတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်အားမရဘူး။ ဒါပေမယ့် ပထမသုံးပွဲထိုးတာထက်ကို ကျွန်တော့်ဒဏ်ရာအခြေအနေက အများကြီး တိုးတက်လာပါတယ်။ အရင်ထက်စာရင် အများကြီး ကစားနိုင်ပါတယ်။ ဒီပွဲမှာ အကောင်းဆုံး ပြင်ဆင်ထားတဲ့အတွက်ရလဒ်ကောင်းမယ်လို့ မျှော်မှန်းထားပါတယ်။ ပရိသတ်တွေအတွက် အကောင်းဆုံး လုပ်ပြမယ်လို့ ပြောချင်ပါတယ်"ဟု ထွန်းထွန်းမင်းက ပြောသည်။

အဆိုပါပွဲတွင် ဗျူဟ (ကျားဖြူ) နှင့် ကရင်လေး (TKO)၊ စောမူထော်ဂေး(မြန်မာ) နှင့် ဝီရောထရာ(ထိုင်း)၊ ကျွဲကြီး (ဟူးကောင်းကျား) နှင့် ရွှေဝင်း(A.M.T.2)၊ ဒိုးလေး (ရိုးရာပုဂံ)နှင့် စည်သူအောင်(ရွှေဘားလား)၊ ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား) နှင့် ရဲသွေးအောင် (အဖြူရောင်သွေးသစ်)၊ ကျားဗဟိန်း(ခြသေ့်မင်း)နှင့် ကိုကိုအောင်(တောင်ဇလပ်)၊ ကြယ်စင်ထွန်း(အဖြူရောင်သွေးသစ်) နှင့် အံ့ဘွား(ကျားဖြူ) တို့ ယှဉ်ပြိုင်ထိုးသတ်မည့်အပြင် မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ၏ ယှဉ်ပြိုင်ထိုးသတ်ပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ထွန်းထွန်းမင်းက သူချန်ပီယံဖြစ်ဖို့ကို ပြန်ပြီးတော့ကြိုးစားတဲ့အပိုင်းမှာ ပွဲသိပ်ဝေးလို့မရဘူး။ အဲဒါကြောင့် ပွဲဝေးသွားမှာစိုးလို့ သူ့ရဲ့ ချန်ပီယံဖြစ်ရေး ထောက်ပံ့ပေးတဲ့အနေနဲ့ စီစဉ်ဖြစ်တာပါ။ အခုတည်ထားတဲ့ တစ်ယောက်က ကမ္ဘာ့မွေထိုင်းချန်ပီယံ တစ်ယောက်ပါ။ ကျန်တဲ့တွဲဆိုင်းတွေလည်း ပရိသတ်အကြိုက်ဖြစ်အောင် စီစဉ်ထားပါတယ်" ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

အဆိုပါပွဲတွင် အဓိကတွဲဆိုင်းရှစ်ဆိုင်းအပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ ကလပ်အသင်းများတွင် လေ့ကျင့်နေသည့် မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကစားသမားများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး စုစုပေါင်းတွဲဆိုင်း ၁၃ ဆိုင်း ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇာနည်မောင်**

စာမျက်နှာ ၁၆ မှ

၁၇။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ နယ်နိမိတ်အတွင်း ဤဥပဒေအရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခု ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပြင်ဆင်ရန် လိုအပ်ခြင်းကိုသိရှိလျှင် မှတ်တိုင်အသစ်ကို မူလနေရာတွင် ပြန်လည်စိုက်ထူရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ဆုံးဖြတ်ချက် ချမှတ်၍ ကုန်ကျစရိတ်ငွေ ကျခံရမည့်သူကို သတ်မှတ်ရမည်။

**အခန်း(၆)**

**တားမြစ်ချက်များ**

၁၈။ မည်သူမျှ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနှောင့်အယှက်ပြုခြင်းမပြုရ။

၁၉။ မည်သူမျှ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (ဆ) ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနှောင့်အယှက်ပြုခြင်းမပြုရ။

၂၀။ မည်သူမျှ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ် စိုက်ထူထားရှိပြီးဖြစ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ဖယ်ရှားခြင်း၊ ရွှေ့လျားခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် မှတ်သားထားရှိသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်း မပြုရ။

**အခန်း(၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၁။ မည်သူမဆို ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၈)**

**အထွေထွေ**

၂၃။ မြေတိုင်းတာထားရှိပြီးဖြစ်သည့် မြို့ ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းတို့၏ မြေနယ်နိမိတ်နှင့်စပ်လျဉ်း၍ တိုင်းတာပြင်ဆင်သတ်မှတ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြေစီမံခန့်ခွဲသည့်ဌာန သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၂၄။ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)၊ (စ)၊ (ဈ) နှင့် ပုဒ်မ ၁၀ တို့ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ကတင်ပြလျှင် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းများ စဉ်ဆက်မပြတ်စီမံဆောင်ရွက်ရန် သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ ယင်းဆောင်ရွက်မှု ကုန်ကျစရိတ်ကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ပေးရမည့် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူတို့က ကျခံစေရမည်။

၂၅။ မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူက ပုဒ်မ ၂၄ အရ ကျခံရမည့် ဆောင်ရွက်မှုကုန်ကျစရိတ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၆။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ The Boundaries Act (INDIA ACT V, 1880, Vol X)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဇ) မြေအောက်နှင့် ရေအောက်နေရာများတွင် တည်ဆောက်မှုလုပ်ငန်းများသည် မြေပေါ်ရှိ သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ မြို့ပြအခြေခံအဆောက်အအုံများ၏ စနစ်နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(ဈ) မြို့ပြဧရိယာများအတွင်းရှိ မြေအသုံးပြုမှု အမျိုးမျိုးကို သဟဇာတဖြစ်စွာ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ည) လူနေအိမ်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကုန်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ပန်းခြံများ၊ သစ်ပင်များ၊ ရေပြင်၊ မော်တော်ယာဉ်ရပ်နားရန် နေရာများနှင့် အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် လိုအပ်ချက်ပြည့်မီစေခြင်း၊

(ဋ) နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်ချက်ပြည့်မီစေခြင်းနှင့် ဒေသတွင်း၊ နိုင်ငံတော်နှင့် နိုင်ငံတကာ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစနစ်များနှင့် အံဝင်ခွင်ကျဖြစ်စေခြင်း၊

(ဌ) ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအတည်ပြုရာ၌ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သော်လည်းကောင်း၊ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများနှင့်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ခြုံငုံရေးဆွဲထားသည့် မြေအသုံးချမှုစီမံကိန်းများနှင့်သော်လည်းကောင်း လိုက်လျောညီထွေ ဖြစ်စေခြင်း။

**အခန်း(၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ တစ်ဦးဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ မြို့တော်ဝန်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော ဗဟိုကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြမူဝါဒချမှတ်ခြင်းနှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ ပြုစုတင်ပြနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဥပဒေများကို အခါအားလျော်စွာ ရေးဆွဲဆောင်ရွက်ရန်အတွက် လည်းကောင်း၊ တည်ဆဲဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရသို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(ဂ) ဒေသဆိုင်ရာ ကော်မတီများအား ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်းအမျိုးအစားများကို စိစစ်အကြံပြုခြင်း၊

(င) မြို့ပြကြီးထွားမှုကြောင့် လိုအပ်လာသည့် မြို့ပြတိုးချဲ့ရေးနှင့် မြို့သစ်တည်ဆောက်ရေး အဆိုပြုစီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့် တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(ဆ) ဒေသတစ်ခုအတွင်း မြို့ပြဖွံ့ဖြိုးရေးအရန်မြေ ဧရိယာသတ်မှတ်ခြင်း၊ အဆိုပါ သတ်မှတ်ဧရိယာအတွင်းရှိ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အခြားနည်း အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်ပေးပို့ခြင်း၊

(ဇ) ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

**အခန်း(၅)**

**ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

၇။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီ၏ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဗဟိုကော်မတီမှ လမ်းညွှန်ချက်များကို ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ အုပ်ချုပ်မှုနယ်နိမိတ်အတွင်းရှိ မြို့ပြနှင့်ဒေသစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်းအမျိုးအစားများကို စစ်ဆေးခြင်း၊ လက်ခံအတည်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) မြို့ပြတိုးချဲ့ရေး၊ မြို့သစ်တည်ဆောက်ရေး စီမံကိန်းများကို ဗဟိုကော်မတီ၏ အတည်ပြုချက် ရယူအကောင်အထည်ဖော်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ပိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6


DIAMOND
INYA PALACE
Diamond Inya Palace Condominium Solo Exhibition
"BMW" နောက်ဆုံးပေါ် ကား အသစ်ကြီးနှင့် အခြားတန်ဖိုးကြီး
လက်ဆောင်များစွာ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
"Diamond Inya Palace"
ကွန်ဒို အရောင်းပြပွဲကြီး
"နိုင်ငံခြားသားများနှင့် နိုင်ငံသားများရာသက်ပန် (၁၀၀%) ပူးတွဲပိုင်ဆိုင်ခွင့်ရှိသော ကွန်ဒို"
The highest building; Diamond Inya Palace Condo remains as an unique beauty
of Myanmar and locates next to stunning Inya Lake.
The richest fancilities at the ground floor, 6th floor and 22th floor
will bring a paradise world with five-star hotel grade setting.
Time : 8:30 AM - 6:00 PM
Date : 23 March 2019 - 31 Mar ch2019
Location : No.2, U Tun Nyein St, Mayangone Twonship, Yangon
Hot Line : +95-9420097992 , +95-9777898988
web:www.diamondinyapalace.com , fb:Diamond InyaPalace Condominium , Email: diamondinyapalace@mgwholding.com

## ဒေါ်သန်းနု (မုကွဲရွာ၊ ဘီလူးကျွန်း)

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁၉၁/A)နေ (ဦးသာဇီ-ဒေါ်မငယ်)တို့၏ သမီး၊ (ဦးရွှေသွယ်-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ (ဦးဘသောင်း)၏ ဇနီး၊ (ဦးလေးမြင့်)-ဒေါ်မြရီ၊ (ဦးအုန်းကြိုင်)-ဒေါ်ထားရီ(အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ငြိမ်း)၊ ဦးသိန်းဆွေ-ဒေါ်ဌေးဆင့်၊ ဦးအောင်ကြည်(ပုဇွန်တောင်ဈေး)-ဒေါ်မေထားမြင့် (ဒဂုံတက္ကသိုလ်-ငြိမ်း)၊ (ဦးဇော်ဝင်း-ဒေါ်ဝါဝါလေး)၊ (ဦးတင်ဌေး)-ဒေါ်သန်းသန်းဆင့်၊ ဦးသန်းထွေး (ခေတ္တ-စင်ကာပူ)-ဒေါ်ဌေးဌေးဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၂၀ယောက်၊ မြစ် ၁၆ ယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလေးမောင်

**ဦးစီးအရာရှိ (ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**အသက် (၇၂) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံပျားကျေးရွာနေ (ဦးထွန်းရွှေ)-ဒေါ်တုတို့၏သားကြီး၊ (ဦးထွန်းရှိန်၊ ဒေါ်ဖွားချုပ်)တို့၏ သားသမက်၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်/ရှေ့ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(၅)နေ ဒေါ်ဝင်းရှင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးသန္တာ (G.M, Dooriga Global Myanmar)၊ ဦးအေးလွင်(2/O, Golden Eagle International Shipping Ltd)-Dr. ဝင်းနွဲ့နွဲ့သူတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်ပြည့်ထွန်း(အထက-၂၊ ဗဟန်း)၊ မဖူးပြည့်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောအဘိုး ဦးလေးမောင်သည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ည ၈း၃၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သောင်း (ခ) ဦးဘောဘီ

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၆)နေ (ဦးငွေစိုး-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်ခင်သန်း)တို့၏ သားသမက်၊ ဒေါ်ညိုညိုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ယမင်းသူ၊ ဦးအောင်ကျော်ဇော (တပ်မတော်-ရေ)၊ ဒေါ်သူဇာဏီ (IITC Co., Ltd)တို့၏ ဖခင်၊ မောင်ဉာဏ်ဘုန်းလင်း၏အဘိုး ဦးမြင့်သောင်းသည် ၂၅-၃-၂၀၁၉ ရက် ညနေ ၆း၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## (၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဦးတင်ရွှေ (ရေအား/လျှပ်စစ်)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ (၆)နှစ်ပြည့်ခဲ့ပြီ။ အေးမြသောအရိပ်နှင့် ကြီးမားသောမေတ္တာတို့ကို ပေးစွမ်းနိုင်ခဲ့သော ကျေးဇူးရှင်ကိုရည်စူးပြီး ပြုလုပ်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ် အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ...

အမျှ...အမျှ...အမျှ

**ဇနီး-ဒေါ်မြင့်မြင့်နှင့် သားများ**

---

## (၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ကိုဖိုးရှမ်း(ခ)ကိုဆန်းမင်းသူ

မိသားစုနှင့် ရုတ်တရက် ခွဲခွာသွားသည်မှာ (၅)နှစ်ပြည့်ခဲ့ပြီ။ မိသားစုရင်မှာ အမြဲသတိရ၍ လှူဒါန်းမှု ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ---

အမျှ---အမျှ---အမျှ

**မိခင်-ဒေါ်မြင့်မြင့်နှင့် ညီအစ်ကိုများ**

---

## (၁)လပြည့်အလွမ်း

## ဒေါက်တာကျော်လင်းဟိန်း အသက်(၃၀)

ချစ်သားကြီး ဒေါက်တာကျော်လင်းဟိန်း မေမေ့ရဲ့မှုဆိုးမဘဝ (၁၀)နှစ်တာခရီးကြမ်းမှာ သားအမိကျောချင်းကပ်လို့သားကြီး၊ အစ်ကိုကြီးတာဝန်၊ ကျောင်းတာဝန်၊ အလုပ်တာဝန်တွေကို ရိုးသားကြိုးစားစွာနဲ့ တာဝန်ကျေခဲ့တဲ့လူကောင်းတစ်ယောက်ဖြစ်ခဲ့တဲ့ သားကြီးက မေမေ့နှလုံးသားထဲမှာတော့ အမှတ်တရများစွာနဲ့ ထာဝရရှင်သန်နေမှာပါ။ မေမေတို့မိသားစု တစ်သက်လုံးပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို သားကြီးအတွက် အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ သားကြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်တဲ့ဘုံဘဝတစ်ခုမှာ အေးချမ်းစွာ အနားယူနိုင်ပါစေ။

**ချစ်လှစွာသော မေမေနဲ့ ညီမလေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအောင်ဟိန်းမြတ်(ငြိမ်း)

**အသက်(၇၁)နှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်ခင်အေးအေးမြတ်(ဦးစီးအရာရှိ)၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အောင်ဟိန်းမြတ်(ငြိမ်း) အသက်(၇၁)နှစ် သည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းမောင်

**အသက် (၉၅) နှစ်**

မှော်ဘီမြို့နေ (ဦးဘိုးထွန်း-ဒေါ်တင်)တို့၏သား၊ (ဦးထွန်းငြိမ်း-ဒေါ်စိန်နု)တို့၏ သားသမက်၊ မှော်ဘီမြို့ (၂)ရပ်ကွက်နေ (ဒေါ်စိန်ရီ)၏ခင်ပွန်း၊ (၁)ရပ်ကွက်နေ ဦးမျိုးဆက်-ဒေါ်တင်တင်စုတို့၏ဘကြီး၊ ရန်ကုန်မြို့နေ ဦးသိန်းထွဋ်-ဒေါ်သန်းသန်းဌေး၊ မှော်ဘီမြို့ (၂)ရပ်ကွက်၊ ပြည်လမ်းနေ ဦးစိုးသိန်း-ဒေါ်သီတာ (အေးမြသီတာ ပုံနှိပ်တိုက်နှင့်စတိုး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုစိုးတင့်-မခင်လေးလေးထွဋ်၊ ကိုသန့်ကျော်-မတင်မျိုးမျိုးထွဋ်၊ ကိုဖြိုးဇင်မင်းထွဋ်-မတင်အုံ့ခိုင်၊ ကိုစိုးသက်ပိုင်-မသင်းဝတ်ရည်ဝင်း၊ ကိုစိုးသက်လှိုင်တို့၏အဘိုး၊ မြစ် ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မှော်ဘီသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် မှော်ဘီမြို့ အမှတ်(၇၄၈)၊ ပြည်လမ်း၊ (၂)ရပ်ကွက်နေ ဦးစိုးသိန်း-ဒေါ်သီတာတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသန်း

**အသက်(၉၁)နှစ်**

**စစ်တွေမြို့**

**ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ**

အမှတ်(၉၉၁)၊ သင်းဝင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးစံဒိုးအောင်-ဒေါ်ကျော့)တို့၏ သားကြီး၊ (ဒေါ်ဝါရီ)၏ ခင်ပွန်း၊ ဦးအေးကြူ (စိတ္တသုခ)-ဒေါ်မြခင်ဦး (မသလ-ငြိမ်း)၊ (ဦးသာထွန်းဖြူ - ဆလရ-ငြိမ်း)-ဒေါ်နုနုကြည်၊ ဦးကျော်လှ (မ-သ-လ-ငြိမ်း)၊ ဒေါ်စန်းစန်းရင်၊ ဦးအောင်ကျော်ညွန့် (ဆလရ၊ တောင်ကြီးမြို့)-ဒေါ်သီတာ၊ ဦးလှကျော်အေး-ဒေါ်လေးရွှေဇင်ဦး (ဘေး/စီမံဌာန)၊ ဦးထွန်းကျော်တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးသန်းသည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဇော်မျိုးတင့် (ခ) တန်ရှပ်တီ

**အသက် (၆၆) နှစ်**

ရေနံချောင်းမြို့နေ (ဦးကုတ်တင်-ဒေါ်မိကြင်)တို့၏သား၊ ရန်ကုန်မြို့ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် (၂၂/၅၀၄)နေ ဒေါ်ဝင်းဝင်းဆန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်ဘုန်းတင့်(ထ-၂၊ ဗိုလ်တထောင်)၊ မောင်သူရဘုန်းတင့်(ထ-၂၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၂၅-၃-၂၀၁၉ ရက် ည ၈း၅၅ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ရွှေလမင်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်စန်းမြင့် (ရွှေလောင်းမြို့)

**အသက် (၆၅) နှစ်**

ရွှေလောင်းမြို့နေ (ဦးဘစိမ်း-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးအိဝမ်း-ဒေါ်စန်းနား)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ အလုံမြို့နယ်၊ ငုဝါလမ်း၊ မြေညီ၊ အမှတ်(၁၇၅) ခေါင်းရင်းခန်းနေ ဦးလွင်ဦး(ခ)ဦးပေါ်ရှုပိန်၏ချစ်လှစွာသောဇနီး၊ ရွှေလောင်းမြို့နေ (ဦးဝင်းဆွေ)-ဒေါ်ခင်သောင်း၊ (ဦးထွန်းအုပ်-ဒေါ်အေးသိန်း)တို့၏ညီမ၊ ဦးစိုးသန်း-ဒေါ်ချိုချိုအောင်၊ ဦးစိန်ဝင်း-(ဒေါ်မြင့်မြင့်စိုး)၊ ဦးတင်လှ-ဒေါ်ခင်မာစိုး၊ ဦးအောင်စိုး-ဒေါ်နွယ်ရီအေး၊ ဦးစိုးနိုင်-ဒေါ်မြစန္ဒာအောင်၊ ဒေါ်သီတာဦး၊ ဦးချစ်ခင်-ဒေါ်မင်းမင်းစိုး၊ ဦးဌေးလင်း-ဒေါ်စိုးစိုးမာတို့၏အဒေါ်၊ မြေး ၁၇ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစန်းထွတ်

**Sr.Engineer (ရိုးမဘဏ်)**

**အသက် (၅၀)**

ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၂၀)နေ (ဦးရွှေတင်)-ဒေါ်ကျင်ပုတို့၏ သား၊ (ဦးဝင်းကြည်-ဒေါ်ယဉ်)တို့၏ သားသမက်၊ ဒေါ်ဝင်းဝင်းသင်း၏ ခင်ပွန်း၊ မစောစုဇန် (BTHM-ဗိုလ်တထောင်)၊ မောင်မင်းပိုင်ဟိန်း၊ မခင်ကုံ့ကော်(အထက-၄၊ အလုံ)တို့၏ ဖခင် ဦးစန်းထွတ်သည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မြင့်

**အသက်(၈၅)နှစ်**

တပ်မတော်ဆေးတက္ကသိုလ်၊ ပါမောက္ခ/ဌာနမှူး (သားဖွားမီးယပ်ပညာဌာန)မှ ဗိုလ်မှူးကြီး ဒေါ်ဒါလီအောင်၏ ဖခင်ဖြစ်သူ ဦးအောင်မြင့်သည် ၂၃-၃-၂၀၁၉ ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**

**သားဖွားမီးယပ် အထူးကုဆရာဝန်များ**

**ဗဟိုအမျိုးသမီးဆေးရုံကြီး**

**ဆေးတက္ကသိုလ် (မန္တလေး)**

---

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်သောင်း

**(မိုးကုတ်ယောဂီ)**

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၈၁)နေ ဦးအောင်ကြင်၏ ဇနီး၊ ဒေါ်အေးအေးဝင်း(ခ) ဒေါ်အေးမြင့်ကြူ၊ ဦးရဲအောင်၊ ဦးစိုးသန်းအောင် (Super One၊ ကုန်စည်ပို့ဆောင်ရေး၊ မူဆယ်-ရန်ကုန်)-ဒေါ်နုနုဝေ၊ ဦးခင်ဇော်-မစန်းစန်းဌေးတို့၏မွေးသမိခင်၊ မနိုင်းအိန္ဒြေ၊ မအေးမြတ်ဦးခင်၊ မောင်ညီသစ်၊ မောင်ထူးခန့်အောင်တို့၏အဘွားသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစောဟုတ်စွမ်မော်

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အမှတ်(၄၁၈)၊ အောက်ကြည့်မြင်တိုင်လမ်းနေ စောထူးဂေးဝါး-နော်ယုမွန်လှအေး၊ နော်စေးဂေးဝါး-စောအယ်ဂေးလယ်၊ စောနေလွင်-နော်ခီတူးရာတို့၏ ချစ်လှစွာသောဖခင်၊ နော်ခရစ်စတီးနာဒွေး၊ နော်ထရီးဇာဒွေး၊ စောအယ်ဗိုင်းယန်ဝါး၊ စောအယ်ဂျေးစန်ဝါး၊ စောနေသန်လွင်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်နော်နိုးလီယာဒွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၁၉ ရက် နံနက် ၅း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၃-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ဗင်တန်ဘုရား ကျောင်း၌ ဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး အောင်ဟိန်းမြတ် (ငြိမ်း)

**ဗသက (၅၉)**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၆၀)နေ ဒေါ်သောင်းသောင်းအေး၏ ခင်ပွန်း၊ ကိုသက်ဆွေဦး-မသန္တာဦး၊ မခင်အေးအေးမြတ်(DICA)၊ ဗိုလ်ကြီးရဲရင့်ဟိန်းမြတ်(ပ.လ.သ)-ဒေါ်ထက်နန္ဒာဦးတို့၏ဖခင်၊ မောင်ခန့်ရဲရင့်နောင်၏အဘိုးသည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်ကြီး ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တဉာဏဒီပ

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**ရွှေကျင်မြို့နယ်လုံးဆိုင်ရာ ရွှေဂူဂိုဏ်းတော်ကြီးမှ**

**ပရိယတ္တိဓမ္မဓရ ဘွဲ့တံဆိပ်တော်ရ**

**ကေတုမတီ ပရိယတ္တိ တက္ကသိုလ်စာသင်တိုက်နှင့်**

**တိုင်းရင်းသားအားလုံးတို့၏ မိဘိရာပရဟိတ**

**အကျိုးတော်ဆောင် အဓိပတိ ဖြစ်တော်မူသော**

**သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၅)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ သံဃနာယက အဖွဲ့ဝင်အဖြစ် နှစ်(၂၀) ဆောင်ရွက်တော်မူခဲ့သော ဆရာတော်သည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်)၊ ၂၅-၃-၂၀၁၉ ရက် နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို တပေါင်းလပြည့်ကျော် (၉) ရက်၊ ၂၉-၃-၂၀၁၉ ရက်တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း။

တပည့်သံဃာတော်များနှင့်

ဒါယကာ/ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေကြူးကျောင်း၏ ပဓာနနာယက ဆရာတော်**

## ဘဒ္ဒန္တအာသောက (အစိုးရဓမ္မာစရိယ)

**သိက္ခာတော် (၆၃) ဝါ၊ သက်တော် (၈၃) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေကြူးကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ကျေးရွာ ရွှေကျောင်းတိုက်တို့၏အကြီးအမှူး ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသောက (အစိုးရဓမ္မာစရိယ) သိက္ခာတော် (၆၃)ဝါ၊ သက်တော် (၈၃) နှစ် သည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်) ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်း ကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်၊ ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မိမိ (ဆ-သ-ရ၊ ငြိမ်း)

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလ္လကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၆၂)၊ ပထမထပ်(ခေါင်းရင်း)နေ (ဦးအေးကြီး-ဒေါ်အေးလှိုင်)တို့၏ သမီးထွေး၊ [ဦးသန်းမောင် (စက်ရှင်တရားသူကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှလှသန်း(ဥပဒေအကျိုးဆောင်)၊ ဦးခင်မောင်သန်း-ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ခင်ခင်သန်း၊ (မောင်စိုးသန်း)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာဇင်မောင်မောင်သန်း၊ မောင်သူရိန်မောင်မောင်သန်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၆-၃-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာသံဒိုင်

**အသက်(၇၄)နှစ်**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ အမှတ်(၅၄)၊ ကိုယ့်မင်းကိုယ်ချင်းလမ်းနေ (ဦးဟုတ်သျှောင်-ဒေါ်ထွေးရင်)တို့၏ သား၊ (ဦးမောင်မောင်လွင်-ဒေါ်တင်လှ)တို့၏ သားသမက်၊ ဒေါ်မြကျင်၏ ခင်ပွန်း၊ ကိုမောင်မောင်ဇော်၊ မမေသန်းအေး၊ ကိုအောင်သူမျိုး-မနန္ဒာအေး၊ မခင်သီတာမြတ်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းခန့်ဟိန်း၏ အဘိုးသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဖိုးစိန်

**သံလွင်ဟသာ်အဆင့်မြင့်ရော်ဘာစက်ရုံ**

**အသက် (၇၁) နှစ်**

မော်လမြိုင်မြို့ ဈေးကြို၊ ဒေါင်းဇရပ်၊ အမှတ်(၁၄၁/ဘီ)နေ (ဦးဖိန်းဒု-ဒေါ်တင်)တို့၏သား၊ (ဦးအောင်စ)-ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဦးစက်ကြိုင်-ဒေါ်ပန်းရင်တို့၏ မောင်၊ ဒေါ်တင်စိန်၏ခင်ပွန်း၊ ဦးအောင်ဝင်း-(ဒေါ်စန်းစန်းသီ)၊ ဦးမင်းဝင်းမောင်-ဒေါ်ဝင်းကြည်၊ (ဦးမင်းလွင်)-ဒေါ်ဝင်းရီ၊ ဦးဟန်စိုး-ဒေါ်နန်းဌေးဌေးဝင်း၊ ဦးကျော်နန္ဒ-ဒေါ်သီတာဝင်း၊ (ဦးစိန်လင်းအောင်)-ဒေါ်ဖူးဖူးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ ယောက်တို့၏ အဘိုးသည် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြိတ်မြို့၌ နိုင်ငံကျော် အနုပညာရှင်များပါဝင်သော သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**မြိတ် မတ် ၂၆**

နိုင်ငံကျော်အနုပညာရှင်များပါဝင်သော သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကမ်းနားလမ်းရှိ သဲကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် မင်းထက်က ပြောသည်။

Seaview CUP Beach Soccer ကို မြိတ်မြို့တွင် ပထမဆုံးကျင်းပခြင်းဖြစ်သည်။ "သဲသောင်ပြင်ဘောလုံးပြိုင်ပွဲဟာ အနုပညာလောက က ရုပ်ရှင်လူရှင်တော်နဲ့ ဂီတလောက က အနုပညာလောကသားတွေ တစ်နှစ်တစ်ကြိမ် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ အရင်တုန်းကတော့ ငွေဆောင်ကမ်းခြေမှာ နှစ်စဉ်နှစ်တိုင်း လုပ်ဖြစ်တယ်။ ဒီနှစ်တော့ ခြေလှမ်းသစ်အနေနဲ့ ငွေဆောင်ကမ်းခြေမဟုတ်တဲ့ ကမ်းခြေတစ်ခုဖြစ်တဲ့ မြိတ်မြို့ကို ရွေးချယ်ခဲ့ပါတယ်။

"မြိတ်မြို့ဟာ သာယာလှပတဲ့ ဒေသတစ်ခုဖြစ်တယ်။ ကမ္ဘာမှာလည်း ကျွန်းစုတွေ၊ သန္တာကျောက်တန်းတွေနဲ့ နာမည်ကျော်ပြီး ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးတဲ့အတွက် မြိတ်မြို့ကို ရွေးချယ်ရခြင်းဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းထက်က ပြောသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖



# မြဝတီ၌ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မကြာမီအသုံးပြုနိုင်မည်

**မြဝတီ မတ် ၂၆**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့နယ်အတွင်း ထိုင်းနိုင်ငံမှ 22/0.4 KV ဓာတ်အားစနစ်ဖြင့် လက်ရှိဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာမှ နိုင်ငံတော်ဓာတ်အားစနစ် 66/11 KV (10+20)MVA မြဝတီဓာတ်အားခွဲရုံမှ 11/0.4 KV လျှပ်စစ်ဓာတ်အား မကြာမီလပိုင်းအတွင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက သောင်ရင်းခန်းမ၌ ကျင်းပသည့် မြဝတီမြို့သို့ မြန်မာနိုင်ငံဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် ဆောင်ရွက်မည့်အစီအစဉ်အား ချပြရှင်းလင်းသည့် အခမ်းအနားမှ သိရသည်။

"ကျွန်တော်တို့ မြဝတီမြို့မှာ ထရန်စဖော်မာ ၁၂၀ လုံးရှိပါတယ်။ အများပြည်သူသုံးက ၄၅ လုံးရှိပြီး ပုဂ္ဂလိက ထရန်စဖော်မာက ၇၆ လုံးရှိပါတယ်။ အဲဒီမှာ စနစ်က ထိုင်းနိုင်ငံကပေးတာက 22/0.4 KV၊ မြန်မာဓာတ်အားက 11/0.4 KV ဖြစ်နေတယ်။ အဲဒီအတွက်ကြောင့် ထရန်စဖော်မာတွေကို ပြောင်းလဲတပ်ဆင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရရဲ့ပံ့ပိုးနိုင်တဲ့ အခြေအနေပေါ် မူတည်ပြီး ပထမပိုင်းအနေနဲ့ အများပြည်သူသုံး ထရန်စဖော်မာ ၄၅ လုံးကို ပြည်ထောင်စုနဲ့ ပြည်နယ်အစီအစဉ်နဲ့ လဲလှယ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဆွေက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ဂျပန်အသင်းအတွက် ခြေစွမ်းပြခဲ့သည့် မယ်ဒါ ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။

# အာရှ ယူ-၂၃ ခြေစစ်ပွဲ အိမ်ရှင်မြန်မာအသင်း အာရှထိပ်သီး ဂျပန်ကို ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဂျပန်နှင့် တီမောအသင်းတို့ အနိုင်ရခဲ့သည်။

**ဂျပန် - ခုနစ်ဂိုး**
**မြန်မာ - ဂိုးမရှိ**

မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား ဘောလုံးအဆင့်အတန်း ကွာဟမှုကို ပြသခဲ့သည့်ပွဲဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ဂျပန်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ပေးဂိုးနည်းစေရန် ခံစစ်အားပြုကစားသော်လည်း ခံစစ်ဗျူဟာအလုပ်မဖြစ်သောကြောင့် ပေးဂိုးများသွားခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ခံစစ်အားပြုကစားလိုသော်လည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နောက်တန်း ငါးဦးအထိ အသုံးပြုကာ တိုက်စစ်တွင် ဝင်းနိုင်ထွန်း တစ်ဦးတည်းကိုသာ အထောင်ကစားစေခဲ့သည်။ မြန်မာ

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒

SUPPORTED BY
Australia UNLIMITED
Australia Awards
ဩစတြေးလျနိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်၊ကောလိပ် (၂၃) ကျောင်းမှ
ကိုယ်စားလှယ်များနှင့် လာရောက်တွေ့ဆုံဆွေးနွေးလိုက်ပါ။
Organized by
AVSS Australian Visa & Student Services
Australian Education Exhibition 2019

FREE ENTRY

Yangon
30th March 2019 (Saturday)
9:30 a.m - 3:30 p.m
Grand Ballroom, Level 2
Melia Hotel, Yangon
Seminar (9:30 a.m - 10:30 a.m)
(1) How to prepare for academic success by AEC English Centre
(2) Study in Australia by AusTrade
(3) Australia Awards Scholarship information session by AAS Myanmar

Mandalay
31st March 2019 (Sunday)
12:00 noon - 4:00 p.m
Grand Ballroom,
Hilton Hotel Mandalay
Seminar (12:00 noon - 1:00 p.m)
(1) How to prepare for academic success by AEC English Centre
(2) Australia Awards Scholarship information session by AAS Myanmar
*Due to limited seat, please book in advance for seminars.

Please find out more @ Australian Visa & Student Services (AVSS Myanmar), Ygn Ph: 09 799 450 944/955, 09 45000 6944/6955, Mdy Ph: 09 89 1000 950/960